ပန်းစစ် ကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်းစစ် ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ လ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ပန်းစစ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲ ထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက် အလက်များ နှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ


ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထား ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပန်းစစ် ကျေးရွာ
ပင်းတယမြို့နယ်

ပန်းစစ် ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း
ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာ လူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန် နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များက ိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာ များနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့
ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏

စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေြြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်

အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၏မြောက်ဘက် (၇)မိုင် ကွာဝေးသော တောင်ပေါ်ဒေသတွင်တည်ရှိပြီး ဆက်သွယ်ရေးလမ်းမကောင်းခြင်းကြောင့် မိုးတွင်းအချိန်တွင် အလွန်ဒုက္ခရောက်ကြရပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၅၅၁၀)ပေတွင် တည်ရှိပြီး မိုးများဒေသ ဖြစ်၍ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးကို အသင့်အတင့်လုပ်ကိုင်ကြပါသည်။ တောင်ပေါ်ဒေသဖြစ်ပြီး ရေထွက် ၂ ခု ရှိပါသည်။ ရေထွက် ၁ ခုမှာ ကျေးရွာ၏သောက်သုံးရေအပြင် ဟင်းသီးဟင်းရွက်စိုက်ခင်းအတွက် အသုံးပြုပြီး ပင်းတယမြို့/ရွှေဥမင်ဘုရား တောင်၊ ကုံလုံအပြင် ကျေးရွာ (၁၂)ရွာမှ ရေများသွယ်ယူသောက်သုံးလျက်ရှိပါသည်။ ကျန်ရေထွက်မှ ကြံခင်းမြောင်ကျေးရွာမှ သောက်ရေများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများအတွက် အသုံးပြုလျက်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

တောင်ပေါ်မိုးများဒေသဖြစ်ကာ လယ်/ယာ များစိုက်ပျိုး၍ မရနိုင်ပါ။ စိုက်ပျိုးရန် မြေအသင့်အတင့် ရှိကြပြီး ဒေသနှင့်ကိုက်ညီသည့် လက်ဖက်ကို အဓိကစိုက်ပျိုးပြီး လက်ဖက်ခြံတွင် သီးထပ်သီးညှပ်အဖြစ် ထောပတ်သီး၊ ဂျုံးမြစ်၊ ဂျင်း၊ အာလူးအပြင် တောထဲတွင် ပန်းမွေးဥခေါ် ကန့်ဘလူဥကိုလည်း စိုက်ပျိုးကြပါသည်။ ဟင်းသီးဟင်းရွက်ခြံများအဖြစ် အိမ်ခြံတွင် စိုက်ပျိုးကြသည်။ စီးပွားအဖြစ် စိုက်ပျိုးမြေ မကျယ်သည့်အတွက် အိမ်တိုင်းလိုလိုဝယ်စားရသက်သာသည်။

ရေထွက်(၂) ခုရှိရာ ရေထွက် (၁)ခုမှ ကျေးရွာ၏ သောက်သုံးရေ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအပြင် ပင်းတယမြို့နှင့် ရွှေဥမင်ဘုရားတောင်၊ ကုံလုံကုန်း၊ အပါအဝင် ကျေးရွာပေါင်း (၁၂)ရွာမှ ပိုက်များဖြင့် သွယ်ယူ၍ သောက်သုံးလျက်ရှိပါသည်။

ကျေးရွာတွင် ရေကလွဲ၍အခြားသဘာဝသယံဇာတမထွက်ရှိပါ ။ ကျန်ရေထွက် (၁)ခု မှာ ကြံခင်းမြောင် ကျေးရွာ၏ သောက်သုံးရေနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအဖြစ် အသုံးချလျက်ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၄၁၅)စုနှင့် ကျား(၉၅၁)၊ မ(၉၅၀)ဦး ဖြင့် လူဦးရေပေါင်း (၁၉၀၁)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၅)ဦးနှုန်း ရှိပြီး ကျေးရွာတွင် ဓနလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၁.၃%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ် များကို လေ့ကျင် သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုလျော့သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် လက်ဖက်စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၁၅၈) အိမ်သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး (၁၆%)သည် ချမ်းသာသည့်အဆင့် (၁၂.၈%)သည် အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု လူဦးရေ အနည်းငယ်ရှိကြသော်လည်း ၎င်းလယ်မြေမှာ တောင်ပေါ်ဒေသတွင် မဟုတ်ဘဲ တောင်ခြေရှိအခြားကျေးရွာ များ၏မြေတွင် သွားရောက်စိုက်ပျိုးလုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။ ကျေးရွာတွင် နှစ်ရှည်သီးနှံဖြစ်သော လက်ဖက်ခြံမြေပိုင်ဆိုင်မှု/လက်လှမ်းမီမှု လက်ဖက်နယ်လှိမ့်စက်များ ပိုင်ဆိုင်မှု ကန်ဘလူဥစိုက်ပျိုးမှု ထောပတ်နှင့် ဂျူး အာလူးများ စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ အသင့်အတင့် ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသော အိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စု အချို့မှာလည်း လက်သမား၊ ပန်းရံ၊ လက်ဖက်လှိမ့်စက်စသော အသေးစားအိမ်တွင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြ သည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး ခြံမြေအနည်းငယ်သာ ပိုင်ဆိုင်သောလက်လုပ်လက်စား၊ ကျပန်းနေ့စားများ ရာသီလိုက်၍ အခြားကျေးရွာများတွင် ကြုံရာလုပ်သား များနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အရေအတွက် မြင့်မားပြီး (၁၈%) ထိရှိကာဆင်းရဲ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် ခြံမြေအနည်းငယ်သာပိုင်ဆိုင်မှု အိမ်ထောင်စုများပြားပြီး နေ့စဉ်အလုပ်အကိုင်ရှာဖွေရရှိ နိုင်မှုမရှိပါ။ အခြားကျေးရွာများတွင် ကြုံရာကျပန်းနေ့စားများ လုပ်ကိုင်ကြရပါသည်။ ကျေးရွာ၏ ၇၅ % အိမ်ထောင်စုများကို လေ့လာဆန်းစစ်မှုအရ ယင်းတို့မှာ သူတစ်ပါးထံမှ ချေးငှါးပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း သူတစ်ပါးထံမှ မချေးမငှါးဘဲ သုံးလခန့်သာစားသုံးနိုင်ကြကြောင်း ကျန်အိမ်ထောင်စုများမှာ ၆ လ မှ ၁၂ လ ခန့် သူတစ်ပါးထံမှ ချေးငှါးစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စု အားလုံးသည် အကြွေးငွေ တစ်သိန်းကျပ်မှ တစ်သန်းကျပ်ထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၅ % မှာ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိမိသားသမီးများကို ပညာအပြည့်အဝသင်ကြားပေးနိုင်မှုမရှိပါ။ အလားတူအိမ်ထောင်ဦးစီးက ရွာပြင်သို့နေ့ချင်းသွားပြန် ဝင်ငွေရှာ၍ လုပ်ကိုင်စားသောက်နေသော အိမ်ထောင်စုမှာ (၅၀)စု မုဆိုးဖိုတစ်ခုလပ်၊ ဦးဆောင်သည့် အိမ်ထောင်စု(၈)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။

ရွာပြင်ပသို့သွားရောက်ပြီးဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ် များသည် လိင်မှတဆင့်ကူးစက်တတ်သည့်ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ ရှိတတ်သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသည်။ နှစ်စဉ်တုပ်ကွေးအဖျားရောဂါဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီးလူငယ်လူရွယ်၊ သက်ကြီးရွယ်အိုပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်းရရှိနိုင်ကြပြီး (၇)မိုင် ဝေးသော မြို့နယ်ဆေးရုံ ဆေးဆိုင်များနှင့် လည်း လက်လှမ်းမီသည်။

ကျေးရွာတွင်စိမ့်စမ်းရေထွက်ရှိသဖြင့် သောက်သုံးရေအလွယ်တကူရရှိနိုင်ပြီး ဝမ်းပျက် ၊ ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားများ သည် အခြေခံအရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် နည်းပါးသည်။ ကျေးရွာတွင် အခြေခံပညာကို ရွာထဲရှိ မူလတန်း၊ အလယ်တန်းကျောင်းခွဲ၊

ဘုန်းတော်ကြီးကျောင်းတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံ ခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့်အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအတွက်သည် ယောကျ်ားလေးအရေအတွက်နှင့် အတူတူပင်ဖြစ်သည်။ အလယ်တန်းများတွင် မရေအတွက်မှာ ကျားအရေအတွက်ထက် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့ပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် မူ အမျိုးသမီးပါဝင်မှု မရှိ အလွန်အားနည်းကြောင်း တွေ့ရှိရသည်။ ကျား-မ တန်းတူညီမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၃)ဖွဲ့ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် အမျိုးသမီးရေးရာ(၁)ဖွဲ့ ရှိ ပြီး ၎င်း အမျိုးသမီးရေးရာအဖွဲ့မှာလည်း လူပ်ရှားဆောင်ရွက်မှု အားနည်းပါသည်။

နိုင်ငံတော်စီမံကိန်းမှဖွဲ့စည်းပေးထားသော မြစိမ်းရောင်ကျေးရွာကော်မတီအဖွဲ့၊ သမဝါ ယမ ငွေစုငွေချေးပန်းသဇင်အဖွဲ့အပြင် ပက်မြန်မာ ပြင်ပပုဂ္ဂလိက အသေးစားငွေစုငွေချေးအဖွဲ့ စသည် အဖွဲ့အစည်း များသည် ကျေးရွာအတွင်း

အသေးစားငွေစုငွေချေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လည်ပတ်လျက်ရှိသည်။ ရွာမှဖွဲ့စည်းသော အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း များ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် လက်ဖက်ကို အဓိကစိုက်ပျိုးကြသည်။ လက်ဖက်စိုက်ဧကမှာ တောင်ပေါ်တောင်ကုန်း ဒေသဖြစ်သည့်အတွက် အမှန်အကန်ကို ယခုလက်ရှိအချိန်ထိ တိကျမှန်ကန်စွာ တိုင်းတာနိုင်ခြင်းမရှိပါ။ လက်ဖက်ခြံများကိုလည်း ရိုးရိုးသဘာဝအတိုင်း စိုက်ပျိုးလုပ်ကိုင်ကြခြင်း နွားချေး/မြေဩဇာများ သဘာဝမြေဩဇာများ လုံးတမသုံးစွဲဘဲ သဘာဝအလျောက်လုပ်ကိုင်နေကြသဖြင့် လက်ဖက်ထွက်နှုန်းများမှာ လျော့လျက်ရှိသည်။ မိုးတွင်းအခါတွင် လက်ဖက်ခြောက်ပြုလုပ်ပါက ကောင်းမွန်စွာမရရှိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် လက်ဖက်အချိန်မှန်ခူးယူနိုင်ခြင်းမရှိခြင်း၊ ခူးယူပြုလုပ်ထားသော လက်ဖက်များကိုလည်း အခြောက်လှန်းရန်အတွက် နေပူချိန်မရရှိသည့်အတွက် အိပ်တွင်သိုလှောင်သိပ်ထည့်ထားပြီး နေပူလာမှထုတ်လှန်းခြင်းများကြောင့် အရည်သွေးကောင်းသော လက်ဖက်ခြောက်ကိုမရရှိသဖြင့် လက်ဖက်စိုက်တောင်သူများမှာ ဈေးကောင်းမရရှိကြသဖြင့် မိသားစုဝင်ငွေ နည်းပါးကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ နေ့စားအလုပ်သည်လည်း ရွာတွင် နေ့စဉ်လုပ်ဖို့မရှိသည့်အတွက် အခြားရွာများတွင် ကျပန်းအလုပ်များ တခြားမြို့နယ်၏ကျေးရွာများတွင် ပြောင်းဖူးခင်းများ၌ စိုက်ချိန်ခူးချိန်များအပြင် စိုက်ချိန်ခူးချိန်အပြီးတွင် တောရှင်းရိုင်းခုတ် စသည်အလုပ်များသွားရောက်လုပ်ကိုင်ငွေရှာ စားသောက်ကြပါသည်။ လက်သမား၊ ပန်းရံအဖွဲ့များလည်း တခြားကျေးရွာနှင့် မြို့နယ်များတွင် သွားရောက်လုပ်ကိုင်ကြရပါသည်။ အမျိုးသမီးအချို့မှာ ပင်းတယစျေး/ကောင်းဖို့စျေးများသို့ ဟင်းသီးဟင်းရွက်ဝယ်ရောင်းခြင်းများ လုပ်ကိုင်ကြသည်။ အစိုးရဝန်ထမ်းလုပ်ငန်းစသည်တို့ရှိပါသည်။ လက်ဖက်ခြောက်၊ လက်ဖက်စို ရောင်းဝယ်ခြင်းလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီနှင့် သိမ်းယူသည့်ရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို

ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်ဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျော့ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာ အရည်အချင်းပိုင်းတွင်လည်း အလွန်နိမ့်ကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန် လည်းမတတ်နိုင်ကြချေ။ စားဝတ်နေရေးများ အခက်အခဲဖြင့် ကြုံတွေ့ကြရပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများလည်း အပြည့်အဝမရရှိခြင်း စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများကို အပြည့်အဝမပေးနိုင်ခြင်း စသည်များနှင့် ရင်ဆိုင်ကြရပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၂၅ % ဝန်းကျင်သာရှိပြီး ဒေသမှဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုများမှာလည်း တစ်ရွာလုံး၏ ၂၅% လျော်သာရှိပြီး ဈေးကွက်တွင် ဝယ်လိုအား ရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အနည်းငယ်ဖြစ်ပွားပြီး သေဆုံးပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာန မှရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွမ်းခြုံဆောင်ရွက်မှုအားနည်းသည်။ မွေးမြူရေးလုပ်ငန်း ပိုင်းဆိုင်ရာ အဟန့်အတားများ အနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင် ရန်အတွက် ချေးငွေကို မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ကော်မတီထံတွင် ချေးယူမည်ဆိုသော်လည်း အလွယ်တကူ မရရှိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အိမ်ခြေများများပြီး ရန်ပုံငွေရရှိမှုနှင့် မညီမျှမှုကြောင့်ဖြစ်သည်။ ရရှိရန်ပုံငွေမှာ သိန်းသုံးရာကျပ် အိမ်ခြေက (၄၂၀)အိမ်ဖြစ်သည့်အတွက်ကြောင့် တစ်အိမ်တစ်သိန်းနှုံးပင် ချေးယူနိုင်ခြင်းမရှိခြင်းကြောင့်ဖြစ်သည်။ သမတွင် ချေးယူမည်ဆိုသော်လည်း သမချေးငွေသည် (၆)လသာဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကို ပုံမှန်မပြုလုပ်နိုင်ပါ ။ စိုက်ပျိုးရေးလက်ဖက်ကလည်း နှစ်ရှည်မှ ရ။ မွေးမြူရေးကလည်း (၆)လနှင့်မည်သည့်မွေးမြူရေးမှလုပ်၍မရခြင်းကြောင့် ဖြစ်သည်။ ကုန်သည် ပွဲစားများထံတွင်ချေးယူလျှင်လည်း အတိုးနှုန်းမှာ (၁၀)ကျပ် အောက်ခံချေးယူရပါသည်။ ကျေးရွာတွင် အအေးပိုဒေသဖြစ်သည့်အတွက် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် လက်ဖက်စိုက်ခင်းများတွင် တောရှင်းရာ၌ ယခင်က ဓားမဖြင့်ခုတ်ရှင်းရာမှ ယခုအခါ တွင် ပေါင်းသတ်ဆေးများကို ပိုမိုသုံးစွဲလာကြသဖြင့် ၎င်း ဂျူး၊ အာလူး၊ ကန့်ဘလူခင်းများ ဟင်းသီးဟင်းရွက် ခင်းများတို့တွင် သဘာဝမြေဩဇာနှင့် နွားချေးများ အစား

ဓာတုမြေဩဇာသုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေးအစား ဓာတုပိုးသတ်ဆေး များကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးများသည်ကလွဲ၍ နေအိမ်များမြေပြိုမှုတွင် ပါဝင်ခြင်းလုံးဝ မရှိပါ။ မိုးသီးများကျရောက်သည့် ဒဏ်များကို နှစ်တိုင်းလိုလိုပင်ကြုံကြရသည်။ ၂၀၁၆ မိုးဥတုအစဉ် မုန်တိုင်းဝင်၍ နေအိမ် ၁၈ လုံး ခေါင်မိုးသစ်များ သွပ်များအကုန်ပျက်စီးခဲ့ရသည်။ သို့သော် မုန်တိုင်းဝင်ရောက် မှုအန္တရာယ်နည်းပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို (၆)လ အတိုးနှုန်း ပြား(၇၀)ဖြင့် တစ်ဧကနှစ်သောင်းကျပ်နှုန်းဖြင့် ဆယ်ဧကအတွက် ချေးယူနိုင်ပါသည်။ ကျေးရွာတွင် ပက်မြန်မာ အသေးစားချေးငွေအဖွဲ့ဖွဲ့စည်းပေးထားပြီး အဖွဲ့ဝင်တစ်နှစ်အတိုးနှုန်း ၂၃% ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွဲ့စည်းပေးထားသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီအဖွဲ့မှလည်း ကျေးရွာရန်ပုံငွေ ကျပ်သုံးရာကို အတိုးနှုန်း ၁.၅ % ဖြင့် အသင်းသား(၁၂၀)ကို အလှည့်ကျ (၁၀)လစီဖြင့် အနည်းဆုံးတစ်ဦးလျှင် တစ်သိန်းကျပ်အများဆုံး တစ်ဦးလျှင် ငါးသိန်းကျပ်ဖြင့် လည်ပတ်ထုတ်ချေးပေးပါသည်။ တချို့အိမ်ထောင်စုများက လက်ဖက်ပွဲစားများထံတွင် ၎င်းရွှေမျိုးများထံတွင် လည်းကောင်းအတိုးနှုန်း ၅% မှ ၁၀% အထိဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် သမဝါ ယမ ငွေစုငွေချေး အသင်းလည်းဖွဲ့စည်းထားပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်)တို့အတွက်လည်းကောင်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှုကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနွမ်း အလွန်ဆင်းရဲ အိမ်ထောင်စုများ အားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ငါးသောင်းကျပ်မှ ဆယ်သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စု၏ (၄၅.၅) %သည် အကြွေးငါးသိန်း အောက်ချေးယူထားပြီး (၃၈.၁) % သည် ငါးသိန်းအထက် ချေးယူထားကြောင်း တွေ့ရှိခဲ့ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကို ၆၀ ပေ ၃၀ ပေ ၁၂ ပေ အရွယ်ရှိ သွပ်မိုးအုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင် ၂ လုံးနှင့် အလယ်တန်းကျောင်း(ခွဲ)ကို ပေ ၁၂၀၊ ပေ ၃၀၊ ၁၂ ပေ အရွယ်ရှိ သွပ်မိုးအုတ်နံရံကာ အင်္ဂတေ ကျောင်းဆောင်နှင့် ၆၀ ပေ၊ ၃၀ ပေ၊ ၁၂ ပေ ရှိသွပ်မိုး အုတ်နံရံကာ အင်္ဂတေခင်းကျောင်းဆောင် ၄၀ ပေ၊ ၃၀ ပေ၊ ၁၂ ပေရှိ သွပ်မိုးအုတ်ကာ အင်္ဂတေခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသား အားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေ ၁ %မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြပါသည်။ မူလတန်းအောင် ရာခိုင်နှုန်းလည်းမြင့်မားကြသည်။ ၎င်းမှာ မူလတန်းအရွယ် ၉ နှစ် အလယ်တန်းအရွယ် ၁၄ နှစ်ထက်ကြီးသော ကျောင်းသားများပါရှိခြင်း၊ အနီးကျေးရွာများမှ ကျောင်းသားများ တက်ရောက်နေကြခြင်းတို့ကြောင့် ဖြစ်သည်။ အလယ်တန်းကျောင်းခွဲတွင် စာသင်ခန်းနှင့်ပရိဘောဂလုံလောက်မှု မရှိပါ။ မူလတန်းကျောင်းတွင် ဆရာ/မ (၆)ဦး ရှိပြီးအလယ်တန်းကျောင်း(ခွဲ)တွင် ဆရာ/မ (၁၅)ဦး အရပ်ခန့် (၂)ဦး ရှိကြသည်။ ကျောင်းတွင် တပည့်ဆရာအချိုးသည် (၂၅%)ရှိသဖြင့် ကျောင်းဆရာ/မအင်အား လုံလောက်မှု ရှိပါသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများ အတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို ၎င်းအလယ်တန်းကျောင်းသားများအတွက် ဖတ်စာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းရှိပါသည်။ ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားဆရာမ၊ အရန်သားဖွားဆရာမများ ပြည့်စုံစွာရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမီသည်။

သောက်ရေအတွက် စိမ့်စမ်းရေထွက်ရှိသဖြင့် ရေထွက်မှ ပိုက်များဖြင့် သွယ်ယူ၍ တစ်ရွာလုံးသောက်သုံးကြရသဖြင့် လုံလောက်မှုရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုများနှင့် ပန်းရံတတ်ကျွမ်းသည့် ပုဂ္ဂိုလ်များက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးထရံဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ် သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများပါးသည်။ စာသင်ကျောင်းတွင် လည်းကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ၊ ကျောင်းသားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။ သူတို့သည်ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင် ရိုးရာအိုးစည်ဝိုင်း ဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၆ ခုနှစ်က ပေ ၇၉၂၀ အရှည်ရှိ ကျောက်ချောလမ်းကို ကျေးလက်ဦးစီးဌာနက ခင်းပေးခဲ့သည်။ ကျေးရွာရှိ ရွာတွင်းလမ်းမှာ ကျောက်ခင်းတစ်ပိုင်း မြေသားလမ်းတစ်ပိုင်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြု မောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၁၅၇)စီးနှင့် ထော်လာဂျီ(၉)စီးတို့ကို အသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲမှုဌ ဆိုလာစနစ်ကို ကျေးရွာရှိ အိမ်ထောင်စုအား လုံး အသုံးပြုလျက် ရှိသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ တစ်ရွာလုံး၏ ၇၅% အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိ ရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြု နိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိ သလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ကို သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် ဆိုလာစနစ်ဖြင့် အသုံးပြုလျက်ရှိပြီး ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းကြောင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေး အတွက် အထောက်အကူပြုပါသည်။

လူငယ်ပညာတတ်အသင့်အတင့် ရှိပြီး လူဦးရေအားလုံး၏ ၇၇% မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်နည်းပြီး ကျွမ်းကျင်မှု သက်မွေးဝမ်းကျောင်းသင်တန်းများသို့ လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှု များသို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသ လိုမှုအတွက်လည်း ပင်းတယမြို့ မြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် ကောင်းသော အဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် တောင်ပေါ်ဒေသဖြစ်ပြီး နှစ်ရှည်သီးနှံများကိုသာ အဓိကစိုက်ပျိုးကြပြီး မြေဆီသြဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများသည်လည်း သီးနှံထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ ကျေးရွာသည် ပင်းတယမြို့သို့ ကျောက်ချောလမ်းကတ္တရာလမ်းများဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ စိုက်ပျိုးမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ စိုက်ပျိုးမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် တောင်သူများအဖို့ အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။

ကျေးရွာရှိ ထွက်ကုန်လက်ဖက်ကို ထင်းများဖြင့် ထုတ်လုပ်ရသဖြင့် ထင်းလောင်စာခုတ်ယူကြသည့် အတွက် သစ်တောများပြုန်းတီးလာပါသည်။ သစ်တောများပြုန်းတီးမှုများလာလျှင် ရေထွက်များခမ်းခြောက် လာနိုင်ပါသည်။ ထို့ကြောင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်နေသော်လည်း ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်နေခြင်းကြောင့် ငွေကြေးအခက်အခဲများဖြင့် ရင်ဆိုင်ကြရပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနည်းပညာ အထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မား တတ်သည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်လည်း မရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ငွေများထုတ်ချေးပေးသော်လည်း အိမ်ထောင်စုတိုင်း မထုတ်ချေးနိုင်ခြင်း ထုတ်ချေးသော အိမ်ထောင်စုများအတွက်လည်း စိုက်ပျိုးပြီးချိန်မှ ချေးငွေရရှိခြင်းများ ကြုံကြရသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ ဒေသတွင်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ အထိအတွေ့ တို့အားနည်းသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ တဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို ရရှိစေမည်။

က.၂)ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကိုရရှိစေမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို

တိုးချဲ့ ဆောင်ရွက်သွားမည်။အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန် အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာများ ထွန်းကာလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကာလာရေးအတွက်စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာသင်တန်းများတက်ရောက်နိုင်ရန်အတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန် ကျေးရွာရရှိထားသော နည်းပညာများကိုမျှဝေပေးပြီး မိမိတို့ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများ တွင်အသုံးချကာထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ယိုနှင့်မုန့်လုပ်ငန်း ဆံပင်ညှပ်၊စက်ပြင်၊ မော်တော် ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန်သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့်ချိတ်ဆက် ပေးမည်။

ခ.၃)ကျေးရွာ စာသင်ကျောင်း၏ခြံစည်းရိုးကာပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတို့မြှင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး မူလတန်းကျောင်းနှင့် တစ်မိုင်ခန့်ဝေးသော အထက်တန်းကျောင်းတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထားနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက် သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစု ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင် သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် လက်ဖက်အပြင် အခြားကန့်ဘလူဥ၊ ဂျူးမြစ်၊ ဟင်းသီးဟင်းရွက်များကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နိုင်နင်းရေးအတွက် နည်းစနစ် ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနိုင်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာ အသုံးပြုမှုများအပါအဝင် ပိုးမွှားနိုင်နင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဆောင်ရွက်သင့်သည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်း

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝယမအသင်းအဖွဲ့ အစည်း ထားရှိခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်း အဖွဲ့အစည်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူများ အတွက်ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင် နှင့်အမြတ်အစွန်းရရှိရန်အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်း ရရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ ၊ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်း မီမှုတွင် အားနည်းပါသည်။

ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာ တွင် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့် လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက် ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ ပညာပေးရေးဝန်ထမ်း အချို့ပါဝင်မည် ဖြစ်ပြီး၊မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေး လုပ်ငန်း၊စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရံပုံငွေလည်း ရရှိပါမည်။

(ဌ) ရေထွက်ပတ်ဝန်းကျင်လုံခြုံရေး

ကျေးရွာတွင် ဧရိယာ ၂ မိုင်ဝန်းကျင်ခန့်ရှိရေထွက်သစ်တောကြီး ရှိပါသည်။ ထိုရေထွက်မှ ပင်းတယမြို့အပါအဝင် ကုံလုံကုန်း၊ ရွှေဥမင်ဘုရားတောင်နှင့် ကျေးရွာပေါင်း ၁၂ ရွာမှ ပြည်သူများ နေ့စဉ် သောက်သုံးလျက်ရှိပါသည်။ ယခုအခါတွင် သစ်တောများပြုန်းတီးလာမှုကြောင့် ရေထွက်သစ်တောကို ထိခိုက်ဝင်ရောက်၍ ထင်းခုတ်ယူမှုများဖြစ်လာပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ကျေးရွာအပြင် ဖော်ပြခဲ့ သောဒေသမှ ပြည်သူများအတွက် ရေခန်းလာပြီး ရေပြဿနာဖြင့် ကြုံတွေ့လာနိုင်သည့်အတွက် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေထွက်သစ်တောကို ကာကွယ်ပေးနိုင်မည့် နည်းလမ်းအနေဖြင့် ကျေးရွာကိုယ်ထူကိုယ်ထမီးလင်းရေးသို့ ရွာသားများ ငွေကြေးအခက်အခဲများ ပြေလည်စေရန် ကူညီဆောင်ရွက် ပေးသင့်သည်။

သို့မှသာ ရေထွက်ပတ်ဝန်းကျင်စည်းရိုးကာခြင်း ထိန်းသိမ်းရသက်သာလာခြင်းများ ရရှိမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျွန်တော်တို့ရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤမျှမက ကျေးရွာလူထု သည် ၂ နှစ် ၃နှစ်သာကာလစီမံချက်များအတွက်

မျော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ၅ နှစ်တာကာလ တလျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ၅နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ၄ နှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း၊ စီမံကိန်းစီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(ဦးစားပေးဆောင်ရွက် ခြင်း)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားခြင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကို ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားခြင်းစာနာမှုဆိုင်ရာအထောက်အပံ့ တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင်

မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိနိုင်ရန် လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးစားပေးစိမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စိမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ရပ်မိရပ်ဖအုပ်စု၊ ကလေးပညာရေးဖွံ့ဖြိုးရေး					
	၁။ကျေးရွာပညာတတ်မြောက်မှုတိုးတက်ရေး	၁၀	၁	- အလယ်တန်းကျောင်း(ခွဲ)ကျောင်းဆောင်တိုးချဲ့ဆောက်ရန်၊ - စာသင်ကျောင်းအုတ်တံတိုင်းစည်းရိုးကာခြင်း၊ - ဆရာ/မ များနေထိုင်နိုင်ရန် ဝန်ထမ်းနေအိမ်ဆောက်လုပ်ပေးခြင်း၊	ကျေးလက်ဦးစီး
သောက်သုံးရေလုံလောက်စွာရရှိရေး					
	၂။ ကျေးရွာသောက်သုံးရေအဆင်ပြေစေရေး	၅	၆	- ရေထွက်သစ်တောထိန်းသိမ်းကာကွယ်နိုင်ရန် ဘိလပ်တိုင်နှင့် သံဆူးကြိုးကာခြင်း၊	
လမ်းပန်းဆက်သွယ်ရေး၊ လမ်းကောင်းမွန်လာစေရေး					
	၃။ပို့ဆောင်ရေးအဆောက်အဦများတိုးတက်လာစေရေး	၄	၇	- ကံလှကုန်း၊ ပန်းစစ်၊ ကြံခင်းမြောင်ကျေးရွာချင်းဆက် လမ်းနှင့် ရွာတွင်းလမ်း ကျောက်ချောခင်းခြင်း၊	
လျှပ်စစ်ဓာတ်အားသုံးစွဲရေး၊ လျှပ်စစ်မီးရရှိရေး					
	၄။လျှပ်စစ်မီးရရှိရေးချိတ်ဆက်ဆောင်ရွက်ရေး	၁၀	၁	- မြို့နယ်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ တင်ပြခြင်း	

အရေးပေါ်ဖြေရှင်းရေး၊ အရေးပေါ်သယ်ယူပို့ဆောင်ရေး			
၅။အရေးပေါ်ကိစ္စများ အလွယ်တကူ သွားလာရောက်ရှိနိုင်ရေး	၉	၂	- ကျန်းမာရေးအတွက် သော်လည်းကောင်း အရေးပေါ် သားဖွားလူနာများ မြို့နယ်ဆေးရုံသို့ သွားရန်နှင့် ကျေးရွာ ၏ မည်သည့်အရေးပေါ်နေရာမဆို အလွယ်တကူအမြန် ရောက်ရှိရန်၊
စိုက်ပျိုးရေးကဏ္ဍ/အခြေခံစိုက်ပျိုးရေး နည်းပညာသင်တန်း			
၆။စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ဗဟုသုတကျွမ်းကျင်မှုတိုးတက်ရေး	၃	၈	- စိုက်ပျိုးရေးသွင်းအားစုများ ဆက်သွယ်မှုရရှိရန်၊ - ဈေးကွက်နှင့်သတင်းချိတ်ဆက်လုပ်ဆောင်မှုပြုလုပ်ရန်၊ - လက်ဖက်အထွက်တိုး နည်းပညာသင်တန်း (ပိုးမွှားနှင့်ရောဂါ)၊
မွေးမြူရေးကဏ္ဍ/ဈေးကွက်နှင့်နည်းပညာသင်တန်း			
၇။မွေးမြူရေးဆိုင်ရာလုပ်ငန်း များတိုးတက်ရေး	၂	၉	- ဈေးကွက်သဘောတရားနားလည်မှု စွမ်းရည်မြှင့်တင်ရေး - မျိုးကောင်းမျိုးသန့်များ ရရှိရေး
စိုက်/မွေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ၊ သင်တန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း			
၈။အလုပ်အကိုင်အခွင့်အလမ်းများ ြားလာစေရေး	၈	၃	- ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပေးခြင်းသင်တန်းပေးရန်၊(လက်သမား၊ ပန်းရံကျွမ်းကျင်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ယိုနှင့် မုန့်လုပ်နည်း)
အမျိုးသမီးကဏ္ဍ၊ ကျန်းမာရေးတိုးတက်လာစေရေး			
၉။ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ	၇	၄	- ကျေးလက်ကျန်းမာရေးဌာနတွင် သားဖွားခန်း

တိုးတက်လာစေရေး			ဆောက်လုပ်ရန်
အမျိုးသမီးအဖွဲ့အစည်း တိုးတက်လာစေရေ			
၁၀။အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး	၁	၁၀	- အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲရေးသင်တန်းများ စီမံပေးရေး - ခေါင်းဆောင်မှုနှင့် ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများ စီစဉ်ပေးရေး၊
လူငယ်ကဏ္ဍ/လူငယ်များစွမ်းဆောင်ရည် တိုးတက်လာစေရေး			
၁၁။လူငယ်များအားစွမ်းဆောင်ရည် မြှင့်တင်ပေးရေး	၆	၅	- အခြေခံခေါင်းဆောင်မှုသင်တန်း - အဖွဲ့အစည်းစီမံခန့်ခွဲမှုသင်တန်း - ဆက်ဆံရေးနှင့်ပံ့ပိုးမှုတိုးတက်လာစေရေးသင်တန်း၊

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ ပညာရေး ဝန်ထမ်းအိမ်ရာ (၄၀'×၂၄'×၁၀') အုတ်တံတိုင်း(၆၅၀'×၅') ကျောင်းဆောင် (၄၀'×၃၀'×၁၂')	၁	——				
၂။ မဟာဓာတ်အားလိုင်းမှမီးသွယ်တန်းရန်	၂		——			
၃။အရေးပေါ်ယာဉ်ဝယ်ရန်	၃		——			
၄။အသက်မွေးဝမ်းကျောင်းသင်တန်း (လက်သမား၊ ပန်းရံကျွမ်းကျင်၊ မော်တော်ဆိုင်ကယ်ပြင်သင်တန်း)	၄	——	——	——	——	——
၅။စာကြည့်တိုက်ထူထောင်ရန် ၊ စာပေဟောပြောပွဲများ ပြုလုပ်ရန်	၅			——	——	
၆။ အမျိုးသမီးအဖွဲ့အစည်းသင်တန်း သားဖွားခန်း ဆောက်လုပ်ရန်	၆			——		
၇။ ၄ မိုင်ကျောက်ချောလမ်းခင်းခြင်း	၇		——	——		
၈။လက်ဖက်စိုက်ပျိုးရေးနည်းပညာနှင့် မျိုးသန့်	၈	——	——	——	——	——
၉။ရေထွက်သစ်တော သံဆူးကြိုးကာခြင်း	၉				——	
၁၀။ နွား၊ ဝက်မျိုးကောင်းမျိုးသန့်နှင့် မွေးမြူရေးသင်တန်း	၁၀	——	——	——	——	——

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ပညာရေး ဝန်ထမ်းအိမ်ရာ (၄၀'×၂၄'×၁၀') အုတ်တံတိုင်း(၆၅၀'×၅') ကျောင်းဆောင် (၄၀'×၃၀'×၁၂')			✔		
၂	မဟာဓာတ်အားလိုင်းမှမီးသွယ်တန်းရန်			✔		
၃	အရေးပေါ်ယာဉ်ဝယ်ရန်		✔			

၄	အသက်မွေးဝမ်းကျောင်းသင်တန်း (လက်သမား၊ ပန်းရံကျွမ်းကျင်၊ မော်တော်ဆိုင်ကယ်ပြင်သင်တန်း)				✔	
၅	စာကြည့်တိုက်ထူထောင်ရန် ၊ စာပေဟောပြောပွဲများ ပြုလုပ်ရန်			✔		
၆	အမျိုးသမီးအဖွဲ့အစည်းသင်တန်း သားဖွားခန်း ဆောက်လုပ်ရန်		✔			
၇	၄ မိုင်ကျောက်ချောလမ်းခင်းခြင်း			✔		
၈	လက်ဖက်စိုက်ပျိုးရေးနည်းပညာနှင့် မျိုးသန့်				✔	
၉	ရေထွက်သစ်တော သံဆူးကြိုးကာခြင်း		✔			
၁၀	နွား၊ ဝက်မျိုးကောင်းမျိုးသန့်နှင့် မွေးမြူရေးသင်တန်း				✔	
၁၁	အရောင်းအဝယ်လုပ်ငန်း		✔			

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များကို ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ရှိသလို လယ်လုပ်သားများသည်လည်း ကျေးရွာ၏လယ်ယာလုပ်ငန်းများ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ကောင်းမွန် လာစေရန် တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူရန် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှု မှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု ပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်
ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ဤကိစ္စမျိုးတွင်
ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ် များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိရမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် မသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် လမ်းအသုံးပြုလျှင် လမ်းကြေးကောက်ခံရမည်။ အသုံးပြုသူထံမှ လမ်းကြေး၊ တံတားကြေးတို့ကိုလည်း စည်းကမ်း သတ်မှတ်ရမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန် အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ရပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင်တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက် ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။

ယင်းအခြေခံသတင်းအချက်အလက်များ——ပေါ်မူတည်၍တိုးတက်မှုကို တိုင်းတာသည့်အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။၄င်း စီရင်ခံ စာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှာ မယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ကျေးရွာသူ/သားများပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည်

သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နောက်ဆက်တွဲ ၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၁၈	၁၉	၃၇	၁.၉%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၇၀	၇၂	၁၄၂	၇.၅%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၉၄	၉၄	၁၈၈	၉.၉%
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၁၅၃	၁၂၂	၂၇၅	၁၄.၅%
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၈၂	၅၈၂	၁၁၆၄	၆၁.၃%

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၄၃	၅၀	၉၃	၄.၉%
စုစုပေါင်း လူဦးရေ		**၉၆၀**	**၉၃၉**	**၁၈၉၉**	၁၀၀%
စုစုပေါင်း အိမ်ထောင်စု - ၄၁၅		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၅**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ၁ နှစ်အောက်တွင် ကျား၊ မရွယ် မဦးရေပို‌များသည်။ ၅ နှစ်အောက်တွင်လည်း မိန်းကလေးဦးရေပို‌များသည်။ ၅ နှစ်မှ ၉ နှစ်တွင် မိန်းကလေးဦးရေနှင့်ယောကျ်ားလေးဦးရေသည် တူတူပင် ဖြစ်သည်။ ကျေးရွာရှိ လူဦးရေစုစုပေါင်းတွင် ယောကျ်ားလေးဦးရေ သည် မိန်းကလေးဦးရေထက်ပို‌များကြောင်း တွေ့ရှိရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၃၉၃		၆၇၄		လက်ဖက်၊ ဂျူး
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၇			၉၂	နေ့စား
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			၁၆	နွားမွေး
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ်အား		
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-		
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂			၇၄	လက်သမား၊ ပန်းရံ
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁			-	စက်ပြင်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၁	ကားပြင်
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၄	ဆံပင်ညှပ်၊ ပန်းတိမ်၊ စက်ချုပ်
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁			၁၁	ဈေးဆိုင်၊ ရောင်း/ဝယ်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၃	အရောင်းဝန်ထမ်း
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁			၆	စက်မောင်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၇	စာရေး၊ တိုးလ်ဂိတ်၊ ဆေးခန်း၊ မီးသတ်၊ အစောင့်
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၂၂	ကျောင်းဆရာ/မ
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၃	သားဖွား
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၉	**အိမ်များတွင် အဓွားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				-	
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၄	ကုမ္ပဏီ
	စုစုပေါင်း	၄၁၅	၆၇၄	၂၃၆	၂၆	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းမှလွဲ၍ အခြားမွေးမြူရေး(နွား) လုပ်ငန်းမှာ အသင့်အတင့်သာလုပ်ကိုင်ကြပြီး ကျန်လုပ်ငန်းများမရှိပါ။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၄၅၀၀	၃၀၀၀	၂၅၀၀	၂၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား					
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၅၀၀ / ၆၀၀၀		၄၀၀၀/ ၄၀၀၀		
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာလုပ်ငန်းကို တခြားရွာတွင် နေ့ချင်းသွားပြန်နေ့စားလိုက်ရာမှာ ယောကျ်ား(၁)ရက်နေ့ခ ၄၅၀၀ ကျပ်နှင့် မိန်းမ ၃၀၀၀ ကျပ် လက်ဖက်ခြံလုပ်ငန်းတွင် ယောကျ်ားလေးတောရှင်းအလုပ် ၂၅၀၀ ရရှိပြီး မိန်းကလေး လက်ဖက်ခူး ၂၀၀၀ ကျပ် လက်သမားနေ့စားတွင် လက်သမားခေါင်း ၆၀၀၀ ကျပ် နောက်လိုက် ၄၀၀၀ ကျပ် ပန်းရံနေ့စားတွင် ပန်းရံခေါင်း ၅၀၀၀ ကျပ် နောက်လိုက် ၄၀၀၀ ကျပ်

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၉၀.၇၅	သင့်		
ယာမြေ /တောင်ယာ				
ဥယျာဉ်ခြံမြေ	၄.၅၀	သင့်		
အိမ်ခြံဝင်း စိုက်ခင်း	၂၁၂	သင့်		
နှစ်ရှည်သီးနှံစိုက်ခင်း	၇၈၀.၉	သင့်		
ရွှေပြောင်းတောင်ယာမြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
အခြား				
စုစုပေါင်း	**၁၀၈၈.၁၅**			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေပိုင်ဆိုင်မှုတွင် လယ်ယာမြေပိုင်ဆိုင်မှု ၉၉.၇၅ ဧက သည် မိမိတို့ကျေးရွာ၏ မြေတွင် မဟုတ် ရွှေပုထိုး၊ သိမ်ကုန်း၊ ညောက်ကောက်၊ အင်းငယ်၊ မိုးလီ စသော ကျေးရွာ၏ မြေတွင် သွားရောက်စိုက်ပျိုးမြေ ပိုင်ဆိုင်ခြင်းဖြစ်သည်။ ကျန်သည့် အိမ်ခြံမြေစိုက်ခင်း၊ ဥယျာဉ်ခြံမြေ၊ နှစ်ရှည်သီးနှံစိုက်ခင်းမြေတို့သာ မိမိကျေးရွာ ပိုင်မြေ ဖြစ်ကြောင်း တွေ့ရှိရသည်။

တွေ့ရှိရသောတောင်ပေါ်မြေမှာ မြေစာရင်းဌာန ယနေ့ချိန်အထိ တောင်ပေါ်တောင်ကုန်းများ၊ ချိုင့်များကြောင့် တိတိကျကျတိုင်းယူရန် မရရှိနိုင်သေးကြောင်း ယခုကောက်ယူထားသော နှစ်ရှည်ခြံ၊ ဥယျာဉ်ခြံ ၊ အိမ်ခြံဝန်းတို့ သည် ခန့်မှန်းခြေအကြမ်းဖျင်းသာဖြစ်သည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	
အခြား ရင်းမြစ်များ	မရှိ	
အခြားသဘာဝရင်းမြစ်		

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်၊ ကရင်း၊ ပတ်တော၊ ပိတ်ချင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေနံနှင့် ဓာတ်ငွေ့အပြင် အခြားသယံဇာတမထွက်ရှိကြောင်း သဘာဝ တိရစ္ဆာန်မျိုးစိတ်များမှာလည်း ရွာပတ်ဝန်းကျင် တွင် ရှိသော်လည်း နည်းပါးသွားသည်။ ရရှိရန်ခက်ခဲ သဘာဝဆေး ဘက်ဝင်အပင်များမှာလည်း နည်းပါးသွားပါသည်။ ရရှိရန် ခက်ခဲပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ် (၈)ဧက	၅ ဧက	၂ ဧက	-
အိမ်အခြေအနေ	၂ အုတ်/သွပ်	၂ ထပ် /အုတ်	၂ ထပ် /အုတ်	၁ ထပ်/အုတ်
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ထော်လာကျီ (၉)အိမ်	TV ဖုန်း		
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	စိုက်/လက်ဖက်/ ရောင်းဝယ်	စိုက်/လက်ဖက်	စိုက်/လက်ဖက်	လက်ဖက်/နေ့စား
အခြားပိုင်ဆိုင်မှု	ကျွဲ၊ နွား၊ ဝက်	ကျွဲ၊ နွား	ဝက်	
အိမ်ထောင်စု - ၁၄၅	၁၅(၁၆%)	၅၃(၁၂.၈%)	၁၈၉	၁၅၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အဆင်ပြေသောအိမ်နည်းပြီး အလယ်အလတ်နှင့် ဆင်းရဲအိမ်များသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ စိုက်ပျိုးရေးလုပ်ငန်းအပြင် လက်ဖက်ရောင်းဝယ်ရေးကိုပါ လုပ်ကိုင်နိုင်ကြသည်။ စိုက်ပျိုးမြေနှင့် ပိုင်ဆိုင်မှုပစ္စည်းများသည်။ ဆင်းရဲသောအိမ်မှာ လက်ဖက်စိုက်ပျိုးရေးအပြင် နေ့စားလုပ်ကိုင်ရသည်။ မြေပိုင်နည်းသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၅၇	၅၄%	ချေးစား
၃ လနှင့် ၅ လ အထိ	၄၈	၄၅%	ချေးစား
၆လ မှ ၁၂ လ အထိ	၁၀၅	၁၀၀%	

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ၃ နှင့် ၄ အဆင့်ရှိအိမ်ထောင်စုများမှာ ဝမ်းစာဖူလုံရေးအတွက် အစိုးရစီမံကိန်းမှ ၎င်း IGO အသေးစား ချေးငွေအဖွဲ့၊ ပက်မြန်မာတွင် ချေးယူ၍ လည်းကောင်း၊ ကြံရာကျပန်းနေ့စားများ လိုက်၍လည်းကောင်း စားသုံးကြသည်။ အကြွေး ၁ သိန်းမှ ၁၀ သိန်းအထိရှိသည်။ ဝမ်းစာအပြင် ပညာရေး၊ အလုပ်အကိုင်တွင် သုံးစွဲကြောင်းတွေ့ရသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၇ အိမ်		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၃ အိမ်		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုဦးရေအများဆုံး ၆ ယောက်၊ အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၁) စုနှင့် ကျန်အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာ ၆ အိမ်ရှိပါသည်။ အလွန်ဆင်းရဲသော ၊ ငွေများလည်း ချေးငှားခြင်းမပြု မိမိလုပ်အားခများဖြင့်သာ စားသောက်၊ မုဆိုးဖိုဦးစီးသော အိမ်ထောင်စုမှာ (၃)အိမ်ရှိ၍ အလွန်ဆင်းရဲပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	
၃	ရေကြီးခြင်း	မရှိ	
၄	မိုးခေါင်ခြင်း	နိမ့်	
၅	အအေးလွန်ကဲခြင်း	နိမ့်	
၆	မုန်တိုင်း	နိမ့်	
၇	ငလျင်	မရှိ	
၈	မီးဘေး	နိမ့်	
၉	ဆားငန်ရေဝင်မြေ	မရှိ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	
၁၂	ငှက်ဖျားရောဂါ	နိမ့်	
၁၃	တီဘီရောဂါ	နိမ့်	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	နိမ့်	
၁၇	လူကုန်ကူးခြင်း	မရှိ	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	လတ်	
၁၉	အခြား		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်ဖက်အဓိကစိုက်ပျိုးပြီး ထင်းမီးဖြင့်ထုတ်လုပ်ရသဖြင့် သစ်တောပြုန်းတီးခြင်းများပြား လမ်းပန်းဆက်သွယ်ရေး မကောင်း၊ မြေရှားပါး ပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	အားကစားကွင်းမရှိခြင်း၊ မူးယစ်ဆေး
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်	သားသမီးပညာရေးအပြည့်အ ဝ မပေးနိုင်စားဝတ်နေရေး လုံးပမ်းနေရ
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မရှိ	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မရှိ	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ	မရှိ	
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူမျ ား (IDP)	မရှိ	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မရှိ	
၉	ငါးကန်ပိုင်ရှင်	မရှိ	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	နေ့စဉ်ရွာတွင်အလုပ်ခေါ်သမ ား မရှိခြင်း
၁၁	လူနည်းစုလူမျိုးများ	မရှိ	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	မရှိ	
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ	
၁၄	ရွှေတွင်းလုပ်သား	မရှိ	
၁၅	ဆေးစွဲသူများ	မရှိ	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မရှိ	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မရှိ	
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ	
၁၉	ရွှေ့ပြောင်းလုပ်သားများ	မရှိ	
၂၀	ကားသမား	မရှိ	
၂၁	အခြား	မရှိ	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များသည် မူးယစ်ဆေးဝါးကို သုံးစွဲမိခြင်း၊ လက်တွေ့စမ်းသပ်တတ်ခြင်း၊ အားကစားကွင်းများမရှိခြင်းကြောင့်

ထူးချွန်အားကစားသမားများရရှိရန်ခက်ခဲခြင်း၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုသည် မိမိစားဝတ်နေရေးအတွက် လုံးပန်းနေရမှုကြောင့် သားသမီးများကို ပညာအပြည့်အဝ မပေးနိုင်၊ ကျပန်းလက်လုပ်လက်စားများမှာ မိမိရွာတွင်လုပ်ငန်းရှင်ကြီး များကုမ္ပဏီလုပ်ငန်းများ မရှိသဖြင့် နေ့စဉ်အလုပ်မရှိခြင်းများ ကြုံတွေ့နေရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	မြစိမ်းရောင်	၁	၁၀၁	၁၅၃	၂၅၄		၄	၇
၂	သမချေးငွေ	၁	၃၅	၆၀	၉၅		၄	၇
၃	စိတ်တူကိုယ်တူ	၁		၅၀	၅၀		၅	၇
၄								
၅								
၆								
၇								
၈								
၉								
၁၀								

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြိုသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ချေးငွေအဖွဲ့များရှိသဖြင့် လုပ်ငန်းချေးငွေများ ရရှိနိုင်သည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	ဓမ္မစက္ကူးလ်	၁	
၂	ပက်မြန်မာ	၂	
၃	လက်ဖက်စိုက်ပျိုးနည်း GIZ	၅	
၄			
၅			
၆			

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဘာသာတရားတည်တံ့ထွန်းကား ကြာရှည်စေရန် ဓမ္မစက္ကူးလ်အသင်း၊ ရွာသားများလည်ပတ်ရန်ပုံငွေရရှိစေရန် ပက်မြန်မာငွေစုငွေချေးအဖွဲ့ လက်ဖက်အရည်အသွေးကောင်းရရှိနိုင်ရန် အတွက် GIZ မှ ကူညီရန်ပြုလုပ်နေပါသည်။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်

စဉ်	မြေဝိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃	၀.၇%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၂၉	၅၅.၂%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၁၄၇	၃၅.၄%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၆	၈.၇%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၄၁၅**	**၁၀၀%**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ စိုက်ပျိုးမြေမှာ တောင်ကုန်းတောင်တန်းချိုင့်များဖြစ်သဖြင့် ယခုလက်ရှိအချိန်ထိ မြေစာရင်းဌာနမှ တောင်ပေါ်ဒေသကို ဧရိယာတိကျစွာ တိုင်းတာပေးထားခြင်း မရှိသေး၍ တွက်ချေမရနိုင်ပါ။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ /ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တန်စပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်				
၂	ရေလွှဲဆည်				
၃	မြစ်ရေတင်စီမံကိန်း	-			
၄	အဝီစိတွင်း	-			
၅	လက်ဝင် ရေတွင်း				
၆	စိမ့်စမ်းရေ				
၇	ချောင်းရေ				
၈	အခြား				

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် စိမ့်စမ်းရေထွက်ရှိ၍ ကြီးကြီးမားမား စိုက်ပျိုးနိုင်ရန် မြေပြန့်မရှိ ရွာသုံးဟင်းသီးဟင်းရွက်များသာ စိုက်ပျိုးရပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
လက်ဖက်	၂၈၀	ပသာ	၁၅၀	၂၀၀		ဝါဆို		လတ်	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ လက်ဖက်အထွက်နှုန်းမှာ အသင့်အတင့်သာရှိသည်။ မြေဩဇာထည့်ပေးခြင်း၊ ကိုင်းဖြတ်ပေးခြင်း၊ ပေါင်းရှင်းပေးခြင်းတို့ ဆောင်ရွက်ပေးမှ သာ လက်ဖက်အထွက်များကြောင်း တွေ့ရသည်။ လက်ဖက်ပင်သက်တမ်းကြီးရင့်ပါက အထွက်လျော့ကြောင်း တွေ့ရသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ထွန်စက်							
လက်တွန်းထွန်စက်							
အစေ့ချ ကိရိယာ							
ရိတ်သိမ်းခြွေလှေ့စက်							
ရိတ်သိမ်းစက်							
ခြွေလှေ့စက်							
ရေစုပ်စက်							
ခြေနင်းရေတင်စက်							
မြက်ရိတ်စက်	၂						

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စက်များဖြင့် ထွန်ယက်စိုက်ပျိုးရန် စက်မှာ မည်သည့်စက်မျှမရှိ

စက်ဖြင့်သုံး၍ မရ လူအားဖြင့်သာ အသုံးပြု ၍ နှစ်ရှည်ပင်များသာ စိုက်ပျိုးပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	အသင့်အတင့်
ရေရင်းမြစ်	သင့်
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	သင့်
အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး	သင့်
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	သင့်
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	သင့်
သွင်းအားစုဈေးကွက်	
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	သင့်
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန် အခွင့်အလမ်းမှာ အသင့်အတင့်သာ ရှိပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	လူဦးရေများလာ ၊ မြေနေရာလုံလောက်မှုမရှိ
မြေဆီဩဇာ အခြေအနေ	ဓာတ်မြေဩဇာများ ပေါင်းသတ်ဆေး သုံးစွဲခြင်းကြောင့် ညံ့ဖျင်းလာပါသည်။
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
ရေရှင်းမြစ်များ ရရှိနိုင်မှု	
စိုက်ပျိုးရေမလုံလောက်မှု	
ဖျက်ပိုးနှင့် ရောဂါ	ကိုင်းပွရောဂါ
ဈေးကွက် လက်လှမ်းမီမှု	ထုတ်လုပ်နည်းလို
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ထွက်နှုံးကောင်း မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာလို
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အချို့တောင်သူများမှာ စိုက်ပျိုးမြေနေရာ ရှားပါးလာသဖြင့် အခက်တွေ့၊ လက်ရှိခြံများမှာ ပေါင်းသတ်ဆေးများသုံးစွဲခြင်းကြောင့် မြေဆီညြေဓာတ်ပြုပြီး ထွက်နှုံးကျဆင်းလာပြီး ကိုင်းပွရောဂါကြခြင်း၊ ထုတ်လုပ်မှုနည်းပညာများလိုအပ်ပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား			
နို့စားနွား(ဒေသနွား)	၄၃	၁၇၉	
မြင်း			
ကျွဲ	၂၄	၅၅	
မြည်း			
လား			
ဆိတ်			
သိုး			
ဝက်	၁၁၀	၁၂၅	
ကြက်	၁၅၅	၅၈၈	
ဘဲ			
နွားနောက်	-	-	
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	-		
ပုဇွန်ကန်	-		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
ဂဏန်းမွေးမြူရေးလုပ်ငန်း	-		
ရေချို ငါးဖမ်းလုပ်ငန်း	-		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-		
အခြား	-		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ မွေးမြူရေးတွင် ဒေသန္တရမျိုးကိုသာ မွေးမြူကြသည်။ နွားမျိုးကောင်း မျိုးသန့်ရရှိမှုမရှိသဖြင့် နွားမျိုးကောင်းမပေါက်နိုင် ကျွဲများကို တောခိုလွတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပြီး လယ်စိုက်ချိန်များတွင် အခြားလယ်စိုက်ရသည့် ကျေးရွာသို့ အငှားပေးသည်။ ကြက်နှင့် ဝက်ကိုလည်း အိမ်ထောင်စုတိုင်း မွေးမြူခြင်းမရှိပေ။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	ရှားပါး
ရေရရှိမှု	ရှိ
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မရှိ
ချေးငွေ	မရှိ
သွင်းအားစုဈေးကွက်	
ဝန်ဆောင်မှုဈေးကွက်	
ထုတ်ကုန်ရောင်းဝယ်မှု	ရှိ
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	မရှိ
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	
ချေးငွေ	
သွင်းအားစု လက်လှမ်းမီမှု	
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	
ထုတ်ကုန်ရောင်းဝယ်မှု	
အခြား	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူဦးရေများပြားလာခြင်းကြောင့် စိုက်ခင်းများတိုးချဲ့လာရသည့်အတွက် စားကျက်မြေရှားပါး ရေရရှိမှုရှိ မျိုးတိရစ္ဆာန်လက်လှမ်းမီမှုမရှိ ထုတ်ကုန်ရောင်းဝယ်မှုရှိသည်။ အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှုမရှိပါ။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	ခက်ခဲ(ကျွဲ၊ နွား၊ ဝက်၊ ကြက်)
ကူးစက်ရောဂါဖြစ်ပွားမှု	နည်း
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	လိုအပ် မကျွမ်းကျင်
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	စီးပွားဖြစ်မွေးမြူရန် နေရရှိ၊ ငွေမရှိ ဈေးကောင်းရရန် မျိုးကောင်းမျိုးသန့်လိုအပ်သည်။
အခြား	-
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	-
ချေးငွေရရှိနိုင်မှု	-
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တောင်ပေါ်ဒေသဖြစ်၍ သားငါးမွေးမြူရန် နေရာ အဆင်မပြေ၊ မွေးမြူ၍မရ ကျွဲ၊ နွား၊ ဝက်၊ ကြက်များသာ မွေးမြူကြသည်။ အရင်းအနှီးငွေ အခက်အခဲများကြောင့် စီးပွားဖြစ် မမွေးနိုင်ကြပါ။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး				
၈	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေးလုပ်ငန်းများ				
၁၆	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,)				
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ				

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေများရှားပါးလာခြင်းကြောင့် ရွာသားအချို့မှာ တခြားကျေးရွာမြို့နယ် များတွင် ကျပန်းနေ့စားအလုပ်များ သွားရောက်လုပ်ကိုင်လျက်ရှိသည်။ စိုက်ပျိုးရေးကို အဓိကလက်ဖက်စိုက်ကြသည်။ သို့သော်လည်း လုပ်သားများငှားရမ်းရသည်အထိ စိုက်ပျိုးခြင်းမရှိသဖြင့် နေ့စားလိုက်သမားများအလုပ်ရှားပါးသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
	အရောင်းအဝယ်
	စက်ချုပ်၊ ကားပြင်၊ ဆိုင်ကယ်ပြင်
	လက်သမား၊ ပန်းရံ၊ ကျပန်းလုပ်အားလိုက်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဟင်းသီးဟင်းရွက်နှင့် လက်ဖက်ခြောက်၊ စိုများကို အရောင်းအဝယ်ပြုလုပ်ကြသည်။ စက်ချုပ်၊ ဆိုင်ကယ်ပြင်၊ စက်ပြင်ရန် ရှိသည်။ လက်သမား၊ ပန်းရံ လုပ်ငန်းများရှိသည်။ ကျပန်းလုပ်အားခ များလိုက်ရန်ရှိသည်။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
ငွေကြေးလုံလောက်မှုမရှိ	အရောင်းအဝယ်မလုပ်နိုင်

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
နည်းပညာလိုအပ်	ကားပြင်၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်၊ စက်ပစ္စည်းပြင်ဆင်မရ
လက်သမားပန်ရံသင်တန်း	လက်သမား၊ ပန်းရံပညာကျွမ်းကျင်စေရန်
လုပ်ငန်းရှင်ကြီးများ၊	ကျပန်းလုပ်အားနေ့စဉ် ခေါ်ယူသုံးမရှိ
ကုမ္ပဏီများမရှိ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်သမားများအချို့ရှိသော်လည်း ခေတ်မီလက်သုံးကိရိယာများဝယ်ယူ ရန်ငွေကြေးအခက်အခဲရှိနေပါသည်။ ဝါးပေါများသော်လည်း လက်မှုပညာမတတ်မှုနည်းပညာ မရှိသောကြောင့် ခမောက်၊ ခြင်းတောင်းလုပ်ငန်းများ မတတ်ကြပါ။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု	၂၈				၁၉	၉	၂၈			
၂	ရွှေပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ	-							-	-	-
၃	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	-									
	၆ လ အထိ	-				၃	-	၃			
	၁၂ လ အထိ	-				၂		၂			
	၁၂ လ အထက်					၁၄	၉	၂၃			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွှေပြောင်းသွားလာလုပ်ကိုင်ခြင်းတွင် ပြည်တွင်းအခြားမြို့နယ်နှင့် ကျေးရွာတို့တွင် ကျောင်းဆရာမ၊ ကျောင်းစောင့် ၊ အထွေထွေစသော ပညာရေးဝန်ထမ်း ဆရာ/မ နှင့် သားဖွား၊ ကုမ္ပဏီ နေ့စားများသာရှိသည်။

(၂.၃.၂) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၂၈ ဦး
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ မိမိစီးပွားရေး အရ ဝင်ငွေရရန် ဝင်ငွေရလုပ်ကိုင်ကြပါသည်။

(၂.၃.၃) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၂၈		၁	၁၄	၁၃
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)			-	-	-
	- ဘဏ်			-	-	-
	- လူကြုံဖြင့်လွှဲပို့ခြင်း	၂၈		-	-	-
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်			-	-	-
	- ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း			-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စုမိသားစုများ လက်သို့ ကိုယ်တိုင် အပ်နှံပြီး မိသားစု နွေးထွေးမှုရရှိရန် ကိုယ်တိုင်ပြန်ပို့ခြင်းဖြစ်သည်။

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(မိုင်)	၇ မိုင်ဝေး(ပင်းတယဈေး)	အောင်ပန်း ၃၁ မိုင်
သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ဆိုင်ကယ်	ကား၊ ထော်လာကျီ
ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု	ပစ္စည်းစုံ	ပစ္စည်းစုံ
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	သင့်	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လမ်းပန်းဆက်သွယ်ရေး ကောင်းသဖြင့် ဈေးသို့ အလွယ်တကူရောက်နိုင်ကြောင်းတွေ့ရသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်၊ သမဝါယမ ငွေ)		၆ လ	၇၀ ပြား	ရှိ	ခက်ခဲ
ပုဂ္ဂလိကဘဏ်					
ပုဂ္ဂလိက အသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ		၈ လမှ ၁၂ လ	၂.၃%	မရှိ	
အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ်		၆လ	၁.၅%	မရှိ	၁ အိမ်ထောင် ၂ သိန်းသာ ချေးရ
ငွေချေးပေးသူ					
အပေါင်ဆိုင်					
မိတ်ဆွေနှင့်ဆွေမျိုးများ					
အခြား	-	-	-	-	-

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

လေ့လာတွေ့ရှိချက်။ ။ အစိုးရစိုက်ပျိုးရေးဘဏ်တွင် ငွေချေးယူနိုင်သော်လည်း အိမ်တိုင်းစေ့ချေး၍ မရ ၁၈က ၂သောင်းဖြင့် သာချေးရ (၁၀)၈က ထက်ချေးငွေမရရှိ၊ မချေးပါ။ အမျိုးသမီးများအသေးစားချေးငွေ ဝန်ဆောင်မှု ကဏ္ဍ ပက်မြန်မာမှ ထုတ်ချေး အစုအဖွဲ့လိုက်မှာ သမဝါ ယမ ငွေစုငွေချေးဝိုင်းကြီးချုပ် အဖွဲ့ ဖြင့် ငွေချေးရ (၆)လ သာဖြစ်၍ မွေးမြူ မွေးမြူရေးလုပ်၍ မရ စိုက်ပျိုးရေး လုပ်၍မရ စိုက်ပျိုးရေးမှာလည်း နှစ်ရှည်ဖြစ်နေခြင်းဖြစ်သည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	မြင့်	ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ မြေဩဇာ
အပင်မျိုးစိတ်များ		
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု		
ရေရင်းမြစ်		
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ		
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်ဖက်ခြံများနှင့် အခြားစိုက်ခင်းများကို တောရှင်းရာတွင်လည်းကောင်း အထွက်တိုးရန်လည်းကောင်း ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး ဓာတ်မြေဩဇာများ သုံးစွဲခြင်းများကြောင့် မြေဆီဩဇာအခြေအနေအန္တရာယ်မှာ မြင့်နေသည့်အခြေအနေမှာ တွေ့ရှိရသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၁၀	၃၉	၄၉	
ဘုန်းကြီးကျောင်းသင်ပညာရေး	၇၇		၇၇	
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၂၄၇	၂၅၀	၄၉၇	
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၃၆၄	၃၆၂	၇၂၆	
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၆၈	၅၈	၁၂၆	
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၈	၃၂	၄၀	
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၄	၁၃	၁၇	
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	**၇၇၈**	**၇၅၄**	**၁၅၃၂**	

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ အသက်ကြီး အဖိုးအဖွား၊ အမေအရွယ် စာမတတ် အိမ်ထောင်စုတိုင်း မူလတန်းကို မအပ်နှံ နိုင်သဖြင့် ဘုန်းကြီးကျောင်းပညာသာ သင်ယူရ ၂၀၀၀ ခုနှစ် နောက်ပိုင်းမှ မူလတန်းပညာရေးကို ဆင်းရဲပင်ပမ်းစွာ သင်ခဲ့ရ (၄)တန်းအောင်လူတိုင်း မထားနိုင် (၂၀၁၀) နှစ်ပြီးမှ လူတိုင်း၊ အိမ်ထောင်တိုင်း ကလေးများ ပညာသင်ကြားနိုင်ပါသည်။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏
မူလတန်း(၅-၉နှစ်)	၁၂၃	၁၀၈	၂၃၃	
အလယ်တန်း (၁၀-၁၄နှစ်)	၈၈	၇၈	၁၆၆	
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၁၄	၂၂	၃၆	
၂၆.၇၅တက္ကသိုလ် ကျောင်းသား၊ သူ	၅	၆	၁၁	

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းခွဲဟူ၍ (၂)ကျောင်းရှိရာ မူလတန်းတွင် ၂၂၃ ဦး ၊ အလယ်တန်း(ခွဲ)တွင် ၁၆၃ ဦး ပညာသင်ကြားလျက်ရှိကြောင်း အထက်တန်းကိုမူ ရွှေပုထိုး(တ)နှင့် တောင်ပေါ်ကြီး ၊ ပင်းတယမြို့အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားရကြောင်း တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများသည် အဝေးသင် တက်ရောက်ကြရကြောင်း တွေ့ရှိပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း(ခွဲ)		
ရွာမှအကွာအဝေး(မိုင်)	ရွာတွင်း					
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်			ခြေလျင်		
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)	၆၀×၃၀×၂၃ (၃)ဆောင် ၄၀×၃၀ (၁)ဆောင်			၉၀×၃၀ (၁)ဆောင် ၄၀×၃၀ (၁)ဆောင်		
အမိုး၊နံရံ၊အခင်း အရည်အသွေး	ကောင်းမွန်			ကောင်းမွန်		
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	လုံလောက်မှုမရှိသေးပါ			လုံလောက်မှုမရှိ၊ စာရေးခုံလို		
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ)	မရှိ			မရှိ		
ကျောင်းဆရာဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၈	၄	၁၂		၇	၇
ကျေးရွာခန့်	-	-	-		၂	၂

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ စာသင်ကျောင်းဆောင်များကို လေ့လာရာတွင် ကျောင်းဆောင်လုံလောက်မှုမရှိ ။ ၅တန်းနှင့် ပထမတန်းကို ၁ ခန်းတည်း ၂ တန်းပြုလုပ်သင်ကြားနေရသည်။ စာရေးခုံများလုံလောက်မှုမရှိသေးပေ။ ကျောင်းအာဟာရ တိုက်ကျွေးမှုမရှိပါ။ ကော်မတီအရပ်ခန့် အလယ်တန်းကျောင်းခွဲတွင် ကျောင်းဆရာမ (၂)ဦး ၄ားရမ်းထားရပါသည်။

ဆရာ/မ များနေထိုင်ရန် ဝန်ထမ်းနေအိမ်လုံလောက်ခြင်းမရှိပါ။ (၇)မိုင် (၆)မိုင် ခရီးနေ့ချင်းသွားပြန် လုပ်ကြရပါသည်။ ဝန်ထမ်း (၄)ဦးသာ နေထိုင်ဖို့ရှိပါသည်။

(၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	၁၉
တပည့် - ဆရာ အချိုး	၂၅: ၁

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်မှုရှိသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	မရှိ
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	ရှိပါသည်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ဆရာ/မ ဦးရေ (၉)ဦး ရှိပါသည်။ တပည့် ဆရာအချိုးမှာ ၂၅% ကို ဆရာ/မ (၁)ဦး နှုံးဖြင့် သင်ကြားပေးပါသည်။ မိဘဆရာအသင်းများ ပူးပေါင်းဆောင်ရွက်မှုများလည်း ရှိပါသည်။

(၂.၈) ကျန်းမာရေးနှင့်အာဟာရ

(၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံနှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက	✔	✔		
၂	သွေးလွန်တုပ်ကွေး		✔		
၃	ငှက်ဖျား		✔		
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ		✔		
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ		✔		
၆	တီဘီ		✔		
၇	ဆီးချို		✔		
၈	သွေးတိုး	✔			
၉	အသည်းရောဂါ (ဘီ၊ စီ)		✔		
၁၀	အာဟာရချို့တဲ့မှု		✔		
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ		✔		

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာနတွင် လေ့လာချက်အရ နှစ်စဉ်ရာသီမရွေး ဝမ်းပျက်ဝမ်းလျောဖြစ်မှု များပြားကြောင်းနှင့် သွေးတိုးရောဂါခံစားရသူများ ပြားကြောင်းနှင့် အခြားရောဂါများမှာ အနည်းငယ်သာဖြစ်လေ့ရှိကြောင်း တွေ့ရပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

စဉ်	ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ	✔		
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✔		
၃	ပိုလီယိုရောဂါ	✔		
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✔		
၅	ဝက်သက်ရောဂါ	✔		
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	✔		
၇	အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✔		
၈	အာဟာရပညာပေးအစီအစဉ်	✔		

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာန၏ လေ့လာချက်တွင် လစဉ်ကာကွယ်ဆေးများကို ရက်သတ်မှတ်၍ ထိုးပေး/ တိုက်ပေး ကြောင်း အာဟာရပညာပေး အစီအစဉ်များ ကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း တွေ့ရပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	ရွာတွင်း	သားဖွားခန် း မရှိ	ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်-	လုံလောက်မှုရှိ	
တိုက်နယ် ဆေးရုံ			ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-		
မြို့နယ် ဆေးရုံ	၈ မိုင် ပင်းတယ	ရှိ	ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်-	ရှိ	
ဆေးဆိုင်			ဆေးဝါးကျွမ်းကျင် သူ	လက်လှမ်းမှီမှု-- (ရှိ) ဆေးဝါး-- (ရှိ) သိုလှောင်ပုံစနစ်-- အအေးခန်းစနစ်-- (ရေခဲသေတ္တာ)	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေး ဆရာ/မ များနှင့် ဆေးဝါးပစ္စည်းများ

လုံလောက်မှုရှိကြောင်းနှင့် သားဖွားခန်းမရှိပါသောကြောင့် လိုအပ်လျက်ရှိပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း						
အဝီစိတွင်း (စက်တပ်)						
အဝီစိတွင်း/တုံကင်						
ရေကန်						
မြစ်/ချောင်း						
မိုးရေသိုလှောင်ကန်						
စိမ့်စမ်းရေသွယ်တန်းခြင်း	၄၁၅ အိမ်	အကောင်း	လုံလောက်မှုရှိ	လုံလောက်မှုရှိ	လုံလောက်မှုရှိ	
အခြား	-					

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိမ့်စမ်းရေထွက်ကြီး ရှိပါသဖြင့် ရေထွက်မှ ရေသွယ်တန်း၍ နွေ/မိုး/ဆောင်း (၃)ရာသီ လုံလောက်မှုအပြည့်အဝရရှိပါကြောင်း ၊ သောက်သုံးရေအပြည့်အဝကောင်းမွန်စွာ သောက်သုံးရပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ရေလှောင်ကန် (၂)လုံးနှင့် ပိုက်များသွယ်တန်းအသုံးပြုသောက်သုံး လျက် ရှိပါသည်။

(၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၄၀၁	UNDP IC DP မှ ထုတ်ဝေပေးသည်။
ကျင်းအိမ်သာ	၁၄	
မြေပေါ် အိမ်သာ		
တောထိုင်	-	
စုစုပေါင်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ယင်လုံအိမ်သာအချို့ကို UNDP IC DP အဖွဲ့အစည်းမှ စတင်ပြုလုပ်ပေးခဲ့ကြောင်း အချို့ကို ကိုယ်ပိုင်ဖြင့် အုတ်နံရံကာ၍ အသုံးပြုကြကြောင်း ဆင်းရဲသော ၅ အိမ်ထောင်ကမူ ကျင်းအိမ်သာဖြင့် သုံးစွဲနေပါသည်။

(၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု		√	အုပ်ချုပ်ရေး အဖွဲ့ကလွဲ၍ ကျန်အဖွဲ့အစည်းများ
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	√	-	
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	-	√	
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု	√		ပညာပေးဟောပြောမှုများကြောင့်
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီးများမှာ ရှေးရိုးအစဉ်အလာအရ ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင် ခေါင်းဆောင်အဖြစ် မရွေးကြပါ။ ဌာနဆိုင်ရာ ၊ အခြားရွာများနှင့် ဆက်သွယ်ပြောဆိုရာတွင် ပြောရဲဆိုရဲခြင်းမရှိ၊ ဗဟုသုတနည်းပါးခြင်းကြောင့် ဖြစ်ပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်း ရာသီ	တစ်နှစ် ပတ်လုံး	

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်း ရာသီ	တစ်နှစ် ပတ်လုံး	
ရွာတွင်းလမ်း	၂	ကောင်း	၂၀၀၄		✔	၃ မိုင်
ချဉ်းကပ်လမ်း	၂	ကောင်း	၂၀၁၆		✔	၄ မိုင်
ရွာချင်းဆက်လမ်း	၃	ဆိုး	၂၀၁၆		✔	၃ မိုင်
အခြား						

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အဓိကကျသောရွာတွင်းလမ်းများသာ ကျောက်ခင်းထားပါသည်။ ကိုယ်ထူကိုယ်ထဖြင့် ကျေးရွာချင်းဆက်လမ်း ၄ မိုင် မှာ အဓိကဈေးသို့ သွားသောလမ်းဖြစ်ပါသည်။ ရွှေပုထိုးနှင့် လမ်းကို ကိုယ်ထူကိုယ်ထဖြင့် ရွာ နှင့် ၂ မိုင်ကျန်သော လမ်းပိုင်းကို ၂၀၁၆ ခုနှစ်တွင် ကျေလက်ဒေသဦးစီးဌာနမှ ကျောက်ချောခင်းပေးသည်။ ယခုနှစ် တွင် ရွှေပုထိုး၊ ပန်းစစ်၊ ကြံခင်းမြောင် ကျေးရွာချင်းဆက်လမ်းကို နတလမှ ကတ္တရာ (၃)မိုင်ခင်းပေးနေပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	-				
ကွန်ကရစ်တံတား	၁၅ ပေ၊ ၁၈ ပေ၊ ၃ ပေ	ကောင်း	၂၀၁၆		✔
ကြိုးတံတား					
ရေပြွန်					
အခြား	-				

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် တံတားတည်ရှိမှုမှာ ရွာတွင်း ၄ စင်း မှာ ကွန်ကရစ်ဖြစ်ပြီး ၂၀၀၇ တွင် IC DP အဖွဲ့မှ တည်ဆောက်ပေးပြီး ကျန် ၈ စင်းမှာ ကိုယ်ထူကိုယ်ထဖြင့် ကွန်ကရစ်တံတားကို တည်ဆောက်ထားသည်။ ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကျေးလက်ဒေသဦးစီးဌာနမှ အလျား ၁၈ ပေ၊ အနံ ၅ပေ၊ အမြင့် ၃ ပေ ဖြင့် ကွန်ကရစ်တံတား ၅ စင်း ကို ၂၀၁၆ ခုနှစ်တွင် တည်ဆောက်ပေးထားသည်။ ကံလှကုန်း၊ ကြံခင်းမြောင်၊ ပန်းစစ် ဆက်သွယ်ရေးလမ်းတွင် ၂၀၁၄ ခုနှစ် က နှ.တ.လ မှ ကွန်ကရစ်တံတား ၂ စင်း ဆောက်လုပ်ပေးထားကြောင်း

ကိုယ်ထူကိုယ်ထပြုလုပ်ထားသော တံတားများမှာ အရည်အသွေးမမီ၍ ပျက်စီးမှုများ တွေ့ရှိရပါသည်။

(၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-			
ပင်လယ်ရေကြောင်း	-			
အခြား	-			

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သဘော်

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သဖြင့် ရေကြောင်းသယ်ယူပို့ဆောင်မှုမရှိပါ။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	စက် လှေ	လှေ၊ သမ္ဘာန်	စက် ဘီး	မော်တော် ဆိုင်ကယ်	သုံးဘီးဆိုင်က ယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွား လှည်း
အရေအတွက်	-	-	၁	၁၅၇	၈		-	

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏သယ်ယူပို့ဆောင်ရေးတွင် ထော်လာကျီ ကို အဓိကထား၍ အသုံးပြုပါသည်။ ဆိုင်ကယ်ကို လူစီးအဖြစ်ဖြင့် အသုံးပြုပြီး ကြီးလေးသောဝန်ထုတ်များ သယ်ယူခြင်းမပြုလုပ်နိုင်ပါ။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း			
ဆိုလာစနစ်	၄၁၃	ကောင်း	ရှိ
အသေးစားရေအားလျှပ်စစ်			
ဒီဇယ်သုံးအင်ဂျင်			
လေစွမ်းအင်			
ဇီဝလောင်စာ			
အခြား	၂	ညံ့	ရှိ

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လျှပ်စစ်မီးရရှိမှုအတွက် ကျေးလက်ဒေသဦးစီးဌာနမှ ထုတ်ဝေသော ဆိုလာစနစ်ဖြင့် အများဆုံး အသုံးပြု ပါသည်။ မိုးအုံ့မိုးရွာလျှင် ဓာတ်အားဝင်ရောက်မှုမရှိသဖြင့် အခက်အခဲရှိပါသည်။ မဟာဓါတ်အားလိုင်းကို ကိုယ်ထူကိုယ်ထဖြင့် ၂၀၁၆ ခုနှစ် ၈ လပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပါသည်။ ရွာနှင့် တင်မတတ်နိုင်၍ ငွေရေးကြေးရေး အခက်အခဲတွေ့ရှိရပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၂၆၇	၁၁	၄၃		-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သတင်းများဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်း (၂၆၇) လုံးနှင့် ရေဒီယို (၁၁)လုံး ၊ တီဗွီ (၄၀) လုံးတို့ဖြင့် အသုံးပြုလျက်ရှိသောကြောင့် သတင်းအချက်အလက်များ အလွယ်တကူရရှိပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိ
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	ရှိ
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု	အသင့်အတင့်

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးတွင် လူငယ်များမှာ ကျေးရွာ၏ သာရေးနာရေး လူမှုရေးတို့ တွင် ပါဝင် ပါဝင်ကူညီကြသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်၍ အပမ်းဖြေနိုင်သည့်နေရာ ပန်းခြံဥယျာဉ်များ မရှိ အင်တာနက်စသည်များ အား အသင့် အတင့် လက်လှမ်းမီအားကစားကွင်းမရှိ၍ အားကစားပစ္စည်းများမရှိပါ။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	ရှိ(အမ်မီတီ၊ တယ်လီနော)
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	မရှိ
ရဲစခန်းများအား လက်လှမ်းမီမှု	ရှိ
အခြား	-

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည့် မြို့နယ်ပြည်သူ ရဲစခန်းနှင့် ဝန်ဆောင်မှုအထောက်အကူများ အား လက်လှမ်းမီပါသည်။ သ ဘာဝဘေးအန္တရာယ်ကာကွယ်ရန် ကျေးရွာအဖွဲ့အစည်းများမရှိပါ။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်	မရှိ	မရှိ	စိုးရိမ်	မရှိ

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

လေ့လာတွေ့ရှိချက်။ ။ လူကုန်ကူးမှုမရှိ ခိုးယူမှုနည်းပါး၍ အကြမ်းဖက်မှုလုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုမှာ စိုးရိမ်ရသည်။ အဘယ်ကြောင့် ဆိုသော် ယနေ့အချိန်အခါတွင် မူးယစ်ဆေးများကို နေရာတိုင်းလိုလိုတွင် အလွယ်တကူဝယ်ယူ နေကြရသဖြင့် စိုးရိမ်ရပါသည်။

နောက်ဆက်တွဲ ၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
• သဘာဝအရင်းအမြစ်များ	တောင်ပေါ်မိုးများဒေသဖြစ်ကာ လယ်/ယာ များစိုက်ပျိုး၍ မရနိုင်ပါ။ စိုက်ပျိုးရန် မြေအသင့်အတင့် ရှိကြပြီး ဒေသနှင့်ကိုက်ညီသည့် လက်ဖက်ကို အဓိကစိုက်ပျိုးပြီး လက်ဖက်ခြံတွင် သီးထပ်သီးညှပ်အဖြစ် ထောပတ်သီး၊ ဂျုံးမြစ်၊ ဂျင်း၊ အာလူးအပြင် တောထဲတွင် ပန်းမွေးဥခေါ် ကန့်ဘလူဥကိုလည်း စိုက်ပျိုးကြပါသည်။ ဟင်းသီးဟင်းရွက်ခြံများအဖြစ် အိမ်ခြံတွင် စိုက်ပျိုးကြသည်။ စီးပွားအဖြစ် စိုက်ပျိုးမြေ မကျယ်သည့်အတွက် အိမ်တိုင်းလိုလိုဝယ်စားရသက်သာသည်။ ရေထွက်(၂) ခုရှိရာ ရေထွက် (၁)ခုမှ ကျေးရွာ၏ သောက်သုံးရေ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအပြင် ပင်းတယမြို့နှင့် ရွေဥမှင်ဘုရားတောင်၊ ကုံလုံကုန်း၊ အပါအဝင် ကျေးရွာပေါင်း (၁၂)ရွာမှ ပိုက်များဖြင့် သွယ်ယူ၍ သောက်သုံးလျက်ရှိပါသည်။

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	ကျေးရွာတွင် ရေကလွဲ၍အခြားသဘာဝသယံဇာတမထွက်ရှိပါ။ ကျန်ရေထွက် (၁)ခု မှာ ကြံခင်းမြောင် ကျေးရွာ၏ သောက်သုံးရေနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအဖြစ် အသုံးချလျက်ရှိပါသည်။
• နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက်	ကျေးရွာသည် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၏ မြောက်ဘက် (၇)မိုင် ကွာဝေးသော တောင်ပေါ်ဒေသတွင်တည်ရှိပြီး ဆက်သွယ်ရေးလမ်းမကောင်းခြင်းကြောင့် မိုးတွင်းအချိန်တွင် အလွန်ဒုက္ခရောက်ကြရပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၅၅၁၀)ပေတွင် တည်ရှိပြီး မိုးများဒေသ ဖြစ်၍ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးကို အသင့်အတင့်လုပ်ကိုင်ကြပါသည်။ တောင်ပေါ်ဒေသဖြစ်ပြီး ရေထွက် ၂ ခု ရှိပါသည်။ ရေထွက် ၁ ခုမှာ ကျေးရွာ၏သောက်သုံးရေအပြင် ဟင်းသီးဟင်းရွက်စိုက်ခင်းအတွက် အသုံးပြုပြီး ပင်းတယမြို့/ရွှေဥမင်ဘုရား တောင်၊ ကုံလုံအပြင် ကျေးရွာ (၁၂)ရွာမှ ရေများသွယ်ယူသောက်သုံးလျက်ရှိပါသည်။ ကျန်ရေထွက်မှ ကြံခင်းမြောင်ကျေးရွာမှ သောက်ရေများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများအတွက် အသုံးပြုလျက်ရှိပါသည်။
• ရပ်ရွာတည်ငြိမ်အေးချမ်းမှု	ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြု နိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိ သလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ကို သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာမှ တောင်သူများသည် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို (၆)လ အတိုးနှုန်း ပြား(၇၀)ဖြင့် တစ်ဧကနှစ်သောင်းကျပ်နှုန်းဖြင့် ဆယ်ဧကအတွက် ချေးယူနိုင်ပါသည်။ ကျေးရွာတွင် ပက်မြန်မာ အသေးစားချေးငွေအဖွဲ့ ဖွဲ့စည်းပေးထားပြီး အဖွဲ့ဝင်တစ်နှစ်အတိုးနှုန်း ၂၃% ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွဲ့စည်းပေးထားသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီအဖွဲ့မှလည်း ကျေးရွာရန်ပုံငွေ ကျပ်သုံးရာကို အတိုးနှုန်း ၁.၅ % ဖြင့် အသင်းသား(၁၂၀)ကို အလှည့်ကျ (၁၀)လစီဖြင့် အနည်းဆုံးတစ်ဦးလျှင် တစ်သိန်းကျပ် အများဆုံး တစ်ဦးလျှင် ငါးသိန်းကျပ်ဖြင့် လည်ပတ်ထုတ်ချေးပေးပါသည်။ တချို့အိမ်ထောင်စုများက လက်ဖက်ပွဲစားများထံတွင် ၎င်းရွှေမျိုးများထံတွင် လည်းကောင်းအတိုးနှုန်း ၅% မှ ၁၀% အထိဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် သမဝါ ယမငွေစုငွေချေး အသင်းလည်းဖွဲ့စည်းထားပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်)တို့အတွက်လည်းကောင်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှုကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ အားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ငါးသောင်းကျပ်မှ ဆယ်သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စု၏ (၄၅.၅) %သည် အကြွေးငါးသိန်း အောက်ချေးယူထားပြီး (၃၈.၁) % သည် ငါးသိန်းအထက် ချေးယူထားကြောင်း တွေ့ရှိခဲ့ပါသည်။
• ဆက်သွယ်ရေး	ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ရိုတ်ဆက်အသုံးပြုနိုင်သည်။ တစ်ရွာလုံး၏ ၇၅% အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိ ရပါသည်။
• ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ	ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းရှိပါသည်။ ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားဆရာမ၊ အရန်သားဖွားဆရာမများ ပြည့်စုံစွာရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမီသည်။
• ကျေးရွာလျှပ်စစ်မီး	ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲမှုဌ် ဆိုလာစနစ်ကို ကျေးရွာရှိ အိမ်ထောင်စုအား လုံး အသုံးပြုလျက် ရှိသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၃)ဖွဲ့ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် အမျိုးသမီးရေးရာ(၁)ဖွဲ့ ရှိ ပြီး ၎င်း အမျိုးသမီးရေးရာအဖွဲ့မှာလည်း လှုပ်ရှားဆောင်ရွက်မှု အားနည်းပါသည်။ နိုင်ငံတော်စီမံကိန်းမှဖွဲ့စည်းပေးထားသော မြစိမ်းရောင်ကျေးရွာကော်မတီအဖွဲ့၊ သမဝါ ယမ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
	ငွေစုငွေချေးပန်းသဇင်အဖွဲ့အပြင် ပက်မြန်မာ ပြင်ပပုဂ္ဂလိက အသေးစားငွေစုငွေချေးအဖွဲ့ စသည် အဖွဲ့အစည်း များသည် ကျေးရွာအတွင်း အသေးစားငွေစုငွေချေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လည်ပတ်လျက်ရှိသည်။ ရွာမှဖွဲ့စည်းသော အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း များ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သည်။
• သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ	ကျေးရွာတွင် လက်ဖက်စိုက်ခင်းများတွင် တောရှင်းရာ၌ ယခင်က ဓားမဖြင့်ခုတ်ရှင်းရာမှ ယခုအခါ တွင် ပေါင်းသတ်ဆေးများကို ပိုမိုသုံးစွဲလာကြသဖြင့် ၎င်း ကျူး၊ အာလူး၊ ကန့်ဘလူခင်းများ ဟင်းသီးဟင်းရွက် ခင်းများတို့တွင် သဘာဝမြေဩဇာနှင့် နွားချေးများ အစား ဓာတုမြေဩဇာသုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာ အရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေးအစား ဓာတု ပိုးသတ်ဆေး များကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးများသည်ကလွဲ၍ နေအိမ်များမြေပြိုမှုတွင် ပါဝင်ခြင်းလုံးဝ မရှိပါ။ မိုးသီးများကျရောက်သည့် ဒဏ်များကို နှစ်တိုင်းလိုလိုပင်ကြုံကြရသည်။ ၂၀၁၆ မိုးဥတုအစ၌ မုန်တိုင်းဝင်၍ နေအိမ် ၁၈ လုံး ခေါင်မိုးသစ်များ သွပ်များအကုန်ပျက်စီးခဲ့ရသည်။ သို့သော် မုန်တိုင်းဝင်ရောက်မှုအန္တရာယ်နည်းပါသည်။
• ကျန်းမာရေးဝန်ဆောင်မှု	ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အာဟာရပြည့်ဝမှု ရှိကြသည်။

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
	ကလေးငယ်အများစုသည် ကျန်းမာကြသည်။ နှစ်စဉ်တုပ်ကွေးအဖျားရောဂါဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီးလူငယ်လူရွယ်၊ သက်ကြီးရွယ်အိုပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်းရရှိနိုင်ကြပြီး (၇)မိုင် ဝေးသော မြို့နယ်ဆေးရုံဆေးဆိုင်များနှင့် လည်း လက်လှမ်းမီသည်။ ကျေးရွာတွင်စိမ့်စမ်းရေထွက်ရှိသဖြင့် သောက်သုံးရေအလွယ်တကူရရှိနိုင်ပြီး ဝမ်းပျက် ၊ ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ပညာရေး**					
	• ဆရာ/မ များကျောင်းသို့ နေ့ချင်း သွားလာပြုလုပ်ေရခြင်း • ကျောင်းသား/သူများ အန္တရာယ်ဖြစ်နေခြင်း • ကျောင်းသား/သူများ သိပ်သည်းစွာ ပညာသင်နေရခြင်း	• ဝန်ထမ်းနေအိမ်မရှိ • အုတ်တံတိုင်းစည်းမရှိ • ကျောင်းသားဦးရေတိုးလာခြင်း	• လူထုလုပ်အားရှိမြေနေရာရှိ • လူထုလုပ်အားရှိ • ကျောင်းဆောက်ရန် မြေနေရာရှိ၊	• ငွေကြေးအခက်အခဲ ရှိ၊ ငွေများလိုအပ် • ငွေကြေးလိုအပ် • ငွေအရင်းအနှီးလို	• ကျေးလက်ရုံးသို့ ဆက်သွယ်တင်ပြမည် • မြို့နယ်ကျေးလက်ရုံး သို့ တင်ပြမည် • မြို့နယ်ကျေးလက်ရုံး သို့ တင်ပြမည်	• အလျား ၄၀'×အနံ ၂၄' × အမြင့် ၁၀' ရှိ သွပ်မိုးအုတ်ကာ တစ်ထပ်တန်းလျားနေအိမ် ဆောက်လုပ်ရန်၊ • ပေ ၆၅၀ အမြင့် ၅ ပေရှိ ကျောက်တန်းနှင့် အုတ်တံတိုင်း သံတံခါးပြုလုပ်ရန် • အလျား ၄၀'×အနံ ၃၀' × အမြင့် ၁၂' ရှိ သွပ်မိုးအုတ်ကာ ကျောင်းဆောင်ဆောက်ရန်
၂	**ရေ**					
	• ရေထွက်ပတ်ဝန်း	• ရေထွက်စည်းရိုးမရှိ	• လူထုလုပ်အားရှိ၊	• ငွေအရင်းအနှီး	• မြို့နယ်ကျေးလက်	• ၂မိုင်ဝန်းကျင်ရှိရေထွက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ကျင် သစ်တော ပြုန်းတီးလာခြင်း		ကျောက်ရှိ	လို ငွေမရှိ	ရုံး သို့ တင်ပြမည်	သစ်တော ကိုဘိလပ်တိုင် သံဆူးကြိုးများ ကာရန်
၃	**လမ်းပန်းဆက်သွယ်ရေး**					
	• အရေးပေါ်လူနာများ သွားလာရန် ခက်ခဲ • လမ်းမကောင်းခြင်း	• လမ်းခရီးဝေး/ယာဉ် မရှိခြင်း • မြေသားလမ်းဖြစ်ေ ခြင်း	• ယာဉ်မောင်းမည့်သူ ရှိ • လူထုလုပ်အားရှိ၊ ကျောက်ရှိ	• ယာဉ်မရှိဝယ်ရန် ငွေမတတ်နိုင် ငွေမရှိ၊ယာဉ်မောင်း သင်တန်းလို • ငွေကြေးလိုအပ်	- ကျေးလက်ရုံးသို့ ဆက်သွယ်တင်ပြမည် - မြို့နယ်ကျေးလက် ဦးစီးဌာနနှင့် ချိတ်ဆက်ရန်	အချိန်မရွေးသားဖွားသမားများ လူအများမြို့နယ်ဆေးရုံသို့ သွားရန် အရေးပေါ်ယာဉ် ဝယ်ရန်၊ - ကျေးရွာအတွင်း ရာသီမရွေး သွားလာနိုင်သည့်လမ်းဖြစ်လာစေရန်(၄ မိုင်ကျောက်ချော လမ်းခင်းခြင်း ၉ ပေ အကျယ်)
၄	**လျှပ်စစ်မီး**					
	• လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း	• မဟာဓါတ်အားလိုင်း နှင့် အလမ်းဝေးခြင်း	• ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်နိုင်ခြင်း ၊ မြို့နယ်ဌာနဆိုင်ရာများ ရှိခြင်း	• ငွေကြေးမလုံလောက်ငွေကြေးမတတ် နိုင်ခြင်း၊ ငွေများစွာလိုအပ်ခြင်း	ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့နှင့် ကျေးလက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း၊	ကျေးရွာမီးလင်းရေး ၊ မဟာဓာတ်အားလိုင်းမှ မီးသွယ်တန်း ရန်၊
၅	**လက်ဖက်စိုက်ပျိုးရေး**					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• လက်ဖက်ထွက်နှုန်း လျော့နည်းလာခြင	• နည်းပညာဝန်ဆောင်မှု အားနည်းခြင်း • ပိုးနှင့်ရောဂါကျခြင်း • မျိုးကောင်းမျိုးသန့် မစိုက်ခြင်း • မျိုးသန့်ပွားနည်းပညာမသိရှိခြင်း	• စိုက်ပျိုးရေးဌာန ရှိခြင်း • စိုက်ပျိုးရေးကုမ္ပဏီများရှိခြင်း	• ကွင်းဆင်းဝန်ထမ်း နည်းခြင်း၊ • ကုမ္ပဏီများ မိမိဆေးရောင်းရရေးသာအလေးထားခြင်း	- ဝန်ဆောင်မှုပြည့်ဝစွာရရှိရန် စိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား ချိတ်ဆက်ဆောင်ရွက်ခြင်း - မြို့နယ်အဖွဲ့အစည်းများ၏ အကူအညီ ဖြင့် အရေးကြီးသွင်းအားစုများ လက်လှမ်းမီအောင် ချိတ်ဆက်ခြင်း	- လက်ဖက်စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှုတိုးတက်အောင် ဆောင်ရွက်ရန်၊ - မျိုးကောင်းမျိုးသန့်စုပေါင်း ဝယ်ယူရန် အဖွဲ့များနှင့် ဆက်သွယ်ခြင်း၊
	• လက်ဖက်စို၊ ခြောက်ရောင်ဝယ်ရေးလုပ်ငန်းမလုပ် နိုင်ခြင်း၊ ဝင်ငွေနည်းခြင်း	• ငွေစာရင်းအရင်းအနှီး မလုံလောက်	• ဝယ်ရန်လက်ဖက်စို / ခြောက်များရှိခြင်း	• ငွေအရင်းအနှီးများ လိုအပ်ခြင်း	- မြို့နယ်ကျေးလက်ဒေသရုံးသို့ တင်ပြရန်၊	- အရောင်းအဝယ်လုပ်ငန်းအတွက် ပြုလုပ်နိုင်ရန် အရင်း အနှီးလို
၆	**မွေးမြူရေး**					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• မွေးမြူရေး အားနည်း ခြင်း • ရောဂါကျခြင်း	• နည်းပညာဝန်ဆောင်မှု အားနည်းခြင်း • ကာကွယ်ဆေးမထိုးခြင်း • ခြံသန့်ရှင်းရေး အား နည်းခြင်း • မျိုးကောင်းမျိုးသန့် မရခြင်း	• စာကျက်မြေရှိခြင်း • ခြံဆောက်လုပ်ရန် နေရာရှိခြင်း • လုပ်အားရှိခြင်း	• ငွေကြေးမရှိ မလုံလောက်ခြင်း • နည်းပညာပေးမည့် သူလိုခြင်း	- တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး အတွက် အလေးထားစိတ်တိုးတက်အောင် ဆောင်ရွက်ခြင်း၊ - မွေးကုဋီးစီးဌာနနှင့် ချိတ်ဆက်၍ ဝန်ဆောင်မှုပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း၊ - မျိုးကောင်းမျိုးသန့် များရရှိရန် မြို့နယ် မွေးကုဋီးစီးဌာန လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊	- နွားမျိုးကောင်း မျိုးသန့်နှင့် ဝက်များ မျိုးကောင်းမျိုးသန့် ဖြင့် စီးပွားဖြစ် မွေးမြူခြင်း၊ - (မွေးမြူရေးနှင့်သက်ဆိုင် သောသင်တန်း)
၇	**အလုပ်အကိုင်အခွင့်အလမ်း**					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• လုပ်ကိုင်စားသောက်ရန် မြေနေရာ ရှားပါး • အလုပ်အကိုင် အခွင့် အလမ်း ရှားပါးခြင်း၊	• ကျေးရွာတွင်း စက်ရုံ အလုပ်ရုံများမရှိခြင်း • ဝန်ဆောင်မှုလုပ်ငန်း ဆိုင်ရာ အတတ်ပညာ ကျွမ်းကျင်မှုဆိုင်ရာ အားနည်းခြင်း၊ ဒေသခံများ အခြေခံပညာအားနည်းခြင်း၊ • ငွေစာရင်းအရင်း အနှီးငွေမလုံလောက် ခြင်း၊	• အလုပ်လုပ်နိုင်သည့် အရွယ်များပြားလာခြင်း	• နည်းပညာလိုအပ်ကျွမ်းကျင်သင်တန်း ပေးမည့်သူမရှိ	- မြို့နယ်ကျေးလက်ဒေသနှင့်ချိတ်ဆက် ၍အကူအညီတောင်း ခံခြင်း	- လက်သမား၊ ပန်းရံကျွမ်းကျင်သင်တန်း၊ ဆိုင်ကယ်ပြင်၊ စက်ပြင်၊ မိုဘိုင်းဖုန်းပြင်သင်တန်း၊ မုန့်လုပ်နည်း၊ အပ်ချုပ်၊ စက်မောင်း၊ ယိုထိုး စသည့်သင်တန်းများ ပို့ချပေးရန်၊
၈	**လူငယ်ကဏ္ဍ**					
	• အားကစားကွင်း မရှိခြင်း • အားကစားပစ္စည်း မရှိ၊ • စာဖတ်မည့်သူမရှိ ဖတ်ကျင့်မရှိ၊ • အသိပညာဗဟုသု	• ဆင်းရဲခြင်း • ကိုယ်လက်ကြံနိုင်စေး အသိမရှိခြင်း • အခြားအချိန်ဖြုန်စရာ များစွာရှိခြင်း • မိဘစီမံအုပ်ချုပ်မှု အားနည်းခြင်း	• ကြိုးစားချင်စိတ်ရှိ • စည်းရုံးရလွယ်ကူခြင်း • ပညာပေးသတိပေးထားဆီး၍ရခြင်း	• ဦးဆောင်မည့်သူနည်းပါးခြင်း၊ • မိဘများလူငယ်များ အတွက်အချိန်မစေး နိုင်ခြင်း၊ • မူးယစ်ဆေးဝယ်	- နေရာကျယ်ကျယ်နှင့်တန်ဖိုးကြီး ပစ္စည်း များမလိုသည့် အားကစားနည်းများမှစတင်၍ လူငယ်များ အားကစား မှန်မှန်	- အားကစားပွဲများပြုလုပ်ေး ရန် - စာကြည့်တိုက်ထူထောင်ရန်၊ - စာပေဟောပြောပွဲများ လုပ် ပေးနိုင်ရန်(နှစ်စဉ်)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	တနည်းခြင်း • မူးယစ်ဆေး အန္တရာယ်မြင့် လာသည်။	• လွယ်ကူစွာ ဝယ်ယူ ရနိုင်		ရန်ငွေမရှိသည့် အ ခါခိုးယူမှုများဖြစ် ခြင်း	လုပ်လာအောင် စီစဉ် ပေခြင်း၊ - ဘောလုံး၊ ခြင်းလုံ၊ ပိုက်ကျော်ခြင်း၊ - စာဖတ်ချင်စိတ်ရှိ လာအောင်ဖန်တီး ပေးခြင်း - မူးယစ်ဆေးကင်း စင် ဝန်ကျင်ဖြစ်အောင် စီစဉ်ဖန်တီးပေးခြင်း - စိတ်ဝင်စားမှုများ ပြားလာအောင် စည်းရုံးလှုငယ်များ ခေါင်းဆောင် ကောင်းနှင့် ငွေကြေး ပံ့ပိုးပေးခြင်း စာပေ ဗဟုသုတများ စိတ်ဝင်စားလာ ောင် မိဘများနှင့်	

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
					ပူးပေါင်းဆောင်ရွက် ခြင်း၊	
၉	**အမျိုးသမီးကဏ္ဍ**					
	• အစုအဖွဲ့ဖြင့် စနစ်တကျလုပ်ကိုင်ရာတွင် ပါဝင်ဆုံးဖြတ်ဆောင်ရွက်နိုင်သည့်အလေ့အထနှင့် စွမ်းရည်မရှိခြင်း၊ • လက်ရှိအဖွဲ့များ ချိတ်ဆက်မှုအားနည်းခြင်း၊ • သန့်ရှင်းသပ်ရပ်စွာ သားမဖွားနိုင်ခြင်း၊	• အစဉ်အလာအရ ယောကျ်ားများ ဆုံးဖြတ်သည့်အတိုင်း လိုက်နာသည့် အကျင့်ပါနေခြင်း၊ • လူတိုင်းမွေးရာပါ လူစွမ်းရည်ရှိကြောင်း သတိမပြုမိခြင်း၊ လူစွမ်းရည်မြှင့်စေသည့် အခွင့်အလမ်းမရှိခြင်း၊ • သားဖွားခန်းမရှိခြင်း	• အချင်းချင်းရင်းနှီးခင်မင်ခြင်း • စည်းရုံးရလွယ်ကူခြင်း၊ ပြောတိုင်းယုံတတ်ခြင်း၊ ခေါင်းဆောင်ချင်စိတ်မရှိခြင်း၊ • ကျေးလက်ဆေးပေးခန်းရှိ၊ လုပ်အားရှိ	• မိန်းမသားများဖြစ် ၍ ကြောက်လန့်စိုးရိမ်သိမ်ငယ်စိတ်ကြီးခြင်း၊ • ငွေကြေးမရှိ၊ ငွေလိုအပ်ခြင်း၊ • ရွာဓလေ့အရ နေအိမ်မီးဖိုခန်းတွင် သားဖွားရခြင်း ကြောင့် သန့်ရှင်းမှုမရခြင်း၊	- အမျိုးသမီးစွမ်းရည် ဖွံ့ဖြိုးရေးသဘောတရားတို့ကို အမြင် ဖွင့်ပေးခြင်း၊ - အခြားအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမှုစနစ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ - မြို့နယ်ကျေးလက်ဦးစီးဌာနဖြင့် ချိတ်ဆက်တင်ပြအကူအညီတောင်းခံရန်	- အမျိုးသမီးအဖွဲ့အစည်းစွမ်းရည်ဖြင့် အစီအစဉ်များ လုပ်ဆောင်ခြင်း ခေါင်းဆောင်မှုသင်တန်းများ၊ လေ့လာရေးခရီးများ သွားလာစေခြင်း ပြုလုပ်ပေးရန်၊ - ကျေးရွာကျေးလက်ကျန်းမာရေးဌာနတွင် သန့်ရှင်းသပ်ရပ် စွာ သားဖွားနိုင်ရေးအတွက် သားဖွားခန်းဆောက်လုပ်ရန်၊

ကိုးကားစာရင်း

၁။စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက် ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊၂၀၁၈၊ စက်တင်ဘာ။

၂။ ၂၀၁၆ ခု စက်တင်ဘာ လ ပန်းစစ်ကျေးရွာတွင် ကျင်းပခဲ့သောကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊